# ညာထားဝယ်ကျေးရွာ

# သထုံမြို့နယ်

# ကျေးရွာဖွံ့ဖြိုးရေးစီမံကိန်း (၂၀၁၈ - ၂၀၂၃)


ပြုစုရေးဆွဲသူ

ကျေးရွာဖွံ့ဖြိုးရေးကော်မတီ

ညာထားဝယ်ကျေးရွာ၊ သထုံမြို့နယ်

(ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန၊ သထုံမြို့နယ်နှင့် ဦးကောင်းမြတ် - LIFT/ Technical Assistant Team တို့ ကူညီရေးဆွဲသည်)



၂၀၁၈ ခုနှစ်၊ ဩဂုတ်လ

## မာတိကာ


| စဉ် | အကြောင်းအရာ | |
|---|---|---|
| | **စကားချီး** | ၃ |
| | **ညာထားဝယ်ကျေးရွာ သယံဇာတပြမြေပုံ၊ သထုံမြို့နယ်** | ၅ |
| | | |
| ၁။ | **တည်နေရာနှင့် ပထဝီဝင် အနေအထား** | ၆ |
| ၂။ | **ရာသီဥတုနှင့် သဘာဝ အရင်းအမြစ်များ** | ၆ |
| ၃။ | **ဖွံ့ဖြိုးရေးဆိုင်ရာ စီမံခန့်ခွဲမှု အခြေအနေ** | ၆ |
| ၄။ | **စီးပွားရေးနှင့် အသက်မွေးမှု အခြေအနေ** | ၇ |
| | (က) သီးနှံ စိုက်ပျိုးရေး | ၇ |
| | (ခ) မွေးမြူရေးလုပ်ငန်း | ၈ |
| | (ဂ) စိုက်ပျိုးမွေးမြူရေး မဟုတ်သော အခြားဝင်ငွေရ လုပ်ငန်းများ | ၈ |
| | (ဃ) ဘဏ်နှင့် ငွေကြေးဆိုင်ရာ ဝန်ဆောင်မှု | ၉ |
| ၅။ | **အခြေခံအဆောက်အဦနှင့် ဝန်ဆောင်မှုများ** | ၉ |
| | (က) ကျေးလက် သယ်ယူပို့ဆောင်ရေး | ၉ |
| | (ခ) ကျေးရွာ မီးလင်းရေး | ၁၀ |
| | (ဂ) သတင်းနှင့် ဆက်သွယ်ရေး | ၁၀ |
| ၆။ | **ပညာရေး** | ၁၀ |
| ၇။ | **ကျန်းမာရေး၊ ရေနှင့် ပတ်ဝန်းကျင် သန့်ရှင်းရေး** | ၁၁ |
| ၈။ | **ဘေးန္တရာယ်များနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေး** | ၁၁ |
| ၉။ | **ကျား-မ ရေးရာ ကိစ္စရပ်ဆိုင်ရာ** | ၁၂ |
| ၁၀။ | **ဦးစားပေးဆောင်ရွက်မည့် အဆိုပြု စီမံချက်လုပ်ငန်းများ** | ၁၃ |
| | | |
| **နောက်ဆက်တွဲ** | | |
| | နောက်ဆက်တွဲ (၁) ကျေးရွာဖွံ့ဖြိုးရေးကော်မတီဝင်များ စာရင်း | ၁၆ |
| | နောက်ဆက်တွဲ (၂) ကျေးရွာဖွံ့ဖြိုးရေး အထောက်အကူပြု ဇယားများ | ၁၇ |
| | နောက်ဆက်တွဲ (၃) ကျေးရွာ ဖွံ့ဖြိုးရေးဗျူဟာ တည်ဆောက်မှု အခြေပြဇယား | ၅၅ |
| | နောက်ဆက်တွဲ (၄) ဦးစားပေးစီမံချက် အဆိုပြုလွှာ (၁) | ၆၁ |
| | နောက်ဆက်တွဲ (၅) ဦးစားပေးစီမံချက် အဆိုပြုလွှာ (၂) | ၆၃ |
| | နောက်ဆက်တွဲ (၆) ဦးစားပေးစီမံချက် အဆိုပြုလွှာ (၃) | ၆၅ |

**စကားချီး**

ဤကျေးရွာဖွံ့ဖြိုးရေးစီမံကိန်းသည် ကျွန်ုပ်တို့ကျေးရွာ၏ လူထုအများ စုပေါင်းပါဝင် ရေးဆွဲထားသည့် ၂၀၁၈/၂၀၁၉ ဘဏ္ဍာရေးနှစ်မှ ၂၀၂၂/၂၀၂၃ ခုနှစ်အထိ (၅) နှစ်ကြာ အကောင်အထည်ဖော် ဆောင်ရွက်မည့် ပထမဦးဆုံးသော ကျေးရွာဖွံ့ဖြိုးရေးစီမံကိန်း ဖြစ်ပါသည်။ ကနဦးအနေဖြင့် စီမံကိန်းဖြစ်မြောက်ရေးအတွက် လိုအပ်သောနည်းပညာများ ပံ့ပိုးပေးသော စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန၊ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနအား အထူးပင် ကျေးဇူးတင်ရှိပါသည်။ အရေးကြီးသော အချက်အလက်များနှင့် အကြံဉာဏ်များကို တက်တက်ကြွကြွ ပံ့ပိုးပေးသော ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးနှင့် သက်ဆိုင်ရာ ဝန်ထမ်းများကိုလည်း ကျေးဇူးတင်ရှိပါသည်။

ကျွန်ုပ်တို့ကျေးရွာတွင် ကျွန်ုပ်တို့ကိုယ်တိုင် ရပ်ရွာလုပ်ငန်းများကို စီစဉ်ချမှတ် ဆောင်ရွက်ခဲ့ကြသော်လည်း လူထုအများ စနစ်တကျ ပူးပေါင်းပါဝင်ဆောင်ရွက်သည့် နည်းလမ်းများနှင့် လုပ်ထုံးလုပ်နည်းများကို မသိခဲ့ကြပါ။ လူထုကိုယ်တိုင် စနစ်တကျ ပူးပေါင်းဆောင်ရွက်နည်းကို အသုံးပြု၍ ကျွန်ုပ်တို့ အချင်းချင်းတိုင်ပင် ဆွေးနွေးညှိနှိုင်း အဖြေရှာကြရာတွင် သင်တန်းလုပ်ဆောင် ပေးရုံသာမက နည်းပေးလမ်းပြ ကူညီပံ့ပိုးပေးသည့် မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ဝန်ထမ်းများက စီစဉ်ဆောင်ရွက်ပေးပါသည်။ ဤလုပ်ငန်းစဉ်ကြောင့် ကျွန်ုပ်တို့သည် ကျေးရွာဖွံ့ဖြိုးရေးစီမံကိန်းရေးဆွဲရာတွင် ကိန်းဂဏန်းနှင့် သတင်းအချက်အလက်တို့၏ အရေးပါမှုကို သိရှိရုံသာမက ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူးရုံး ကဲ့သို့သော ကိန်းဂဏန်းအချက်အလက်ရရှိနိုင်သော နေရာများမှလည်း ကောက်ယူရရှိခဲ့ပါသည်။ ထို့ပြင် ထပ်မံလိုအပ်သော ကိန်းဂဏန်း၊ အချက်အလက်များနှင့် နည်းပညာပံ့ပိုးမှုတို့ကို မြို့နယ်အဆင့် ဌာနဆိုင်ရာများမှ ရယူရန်လိုအပ်ကြောင်းကိုလည်း ကောင်းစွာ သိရှိခဲ့ပါသည်။

ယခုရေးဆွဲထားသော အစီအစဉ်ကို ထပ်မံရရှိသည့် ကိန်းဂဏန်းအချက်အလက်များ ထပ်ဖြည့်ပေးခြင်းဖြင့် ပိုမိုကောင်းလာမည်မှာ သေချာပါသည်။ ဤလုပ်ငန်းသည် ဆက်လက်လုပ်ဆောင်ရမည့်လုပ်ငန်းဖြစ်ပြီး လုပ်ငန်းဆောင်ရွက်နေမှု တစ်ဝက်ခန့်အရောက်တွင် လုပ်ငန်းတိုးတက်မှု၊ ပေါ်ပေါက်လာသည့် အခက်အခဲများနှင့် ဦးစားပေး ရွေးချယ်မှုများနှင့် လုပ်ငန်းအစီအစဉ်များကို မူဘောင်အတွင်း ပြုပြင်ပြောင်းလဲမှုများ ဆက်လက်လုပ်ဆောင် သွားရပါမည်။

ဤဖွံ့ဖြိုးရေးအစီအစဉ်တွင် ဖော်ပြပါရှိသော ဦးစားပေးလုပ်ငန်းများ စုစည်းဆောင်ရွက်နိုင်ရန်အတွက် ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူး၊ မြို့နယ်အဆင့်တွင်လည်း အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနစသည့် သက်ဆိုင်ရာဦးစီးဌာန အသီးသီးတို့၏ ဆက်လက်ပံ့ပိုးမှုများရရှိနိုင်မည်ဟု ကျွန်ုပ်တို့ မျှော်လင့်ပါသည်။ ဆက်လက်၍ နောင်တွင်လည်း ကျွန်ုပ်တို့၏ဖွံ့ဖြိုးရေးဆိုင်ရာ အားထုတ်မှု အခြေအနေများကို

ဆန်းစစ်သုံးသပ်ရန်နှင့် အကဲဖြတ်ရန်အတွက် ပံ့ပိုးကူညီမှုများ ရရှိနိုင်မည် ဖြစ်ပါကြောင်း ယုံကြည်ပါသည်။

ဤအစီအစဉ်တွင် အဓိကအားဖြင့် ကျေးရွာ၏လက်ရှိဖွံ့ဖြိုးရေးအခြေအနေ၊ ဦးစားပေးဆောင်ရွက်မည့် ဖွံ့ဖြိုးရေးလုပ်ငန်းများ၊ ကျေးရွာဖွံ့ဖြိုးရေး အထောက်အကူပြု ဇယားများ၊ ကျေးရွာဖွံ့ဖြိုးရေးဗျူဟာ တည်ဆောက်မှုအခြေပြဇယား၊ ဦးစားပေးစီမံချက် အဆိုပြုလွှာစသည်တို့ကို အဓိကထား ဖော်ပြထားပါသည်။

ဩဂုတ်၊ ၂၀၁၈

ကျေးရွာဖွံ့ဖြိုးရေးကော်မတီ

ညာထားဝယ်ကျေးရွာ

သထုံမြို့နယ်

# ညာထားဝယ်ကျေးရွာ သယံဇာတပြမြေပုံ၊ သထုံမြို့နယ်



## ၁။ တည်နေရာနှင့် ပထဝီဝင် အနေအထား

ညာထားဝယ်ကျေးရွာသည် မွန်ပြည်နယ်၊ သထုံခရိုင်၊ သထုံမြို့နယ်၏ ခနေ ကျေးရွာအုပ်စုတွင် တည်ရှိပါသည်။ ကျေးရွာ၏ အရှေ့ဘက်တွင် ခနေကျေးရွာနှင့် ကပ်လျှက်ရှိပြီး၊ မြောက်ဘက်တွင် မရမ်းကျေးရွာနှင့် သဲကုန်းကျေးရွာ၊ တောင်ဘက်တွင် ဒရိုးကျေးရွာတို့ ရှိပါသည်။ ကပ်လျှက်ရှိသော ကျေးရွာအုပ်စုများမှာ ကော့လှိုင်း၊ နောင်ဘို၊ ဒူးရင်းဆိပ် ကျေးရွာအုပ်စုများ ဖြစ်ကြပါသည်။ ကျေးရွာတွင် ဗမာ၊ ကရင် တိုင်းရင်းသားများ နေထိုင်ကြပြီး ဗုဒ္ဓဘာသာ ကိုးကွယ်ကြပါသည်။

## ၂။ ရာသီဥတုနှင့် သဘာဝ အရင်းအမြစ်များ

ကျေးရွာ၏ ရွာသီဥတုမှာ သမပိုင်းရာသီဥတုဖြစ်ပြီး၊ အပူအအေးမျှတမှု ရှိပါသည်။ စိုက်ပျိုးနိုင်သော မြေဧရိယာမှာ လယ်မြေ (၁၆၈.၀၀) ဧကနှင့် ဥယျာဉ်ခြံမြေ (၃၃၀.၀၀) ဧက၊ စုစုပေါင်း (၄၉၈.၀၀) ဧက ရှိပါသည်။ အိမ်ခြံမြေများတွင်လည်း ရာသီအလိုက် ဟင်းသီးဟင်းရွက်ပင်များကို အနည်းအကျဉ်း စိုက်ပျိုးကြပါသည်။ မြေဆီလွှာ အရည်အသွေးမှာ အသင့်အတင့် ကောင်းမွန်ပါသည်။ ကျေးရွာပတ်ဝန်းကျင်တွင် ဆေးဖက်ဝင်အပင်များ အနည်းအကျဉ်းတွေ့ရပြီး ကျေးရွာ၏ အရှေ့ဘက်တွင် ကျောက်စရစ်ချောင်းရှိသဖြင့် ငါးမျိုးစိတ်များ အနည်းငယ် ရှိပါသည်။

## ၃။ ဖွံ့ဖြိုးရေးဆိုင်ရာ စီမံခန့်ခွဲမှု အခြေအနေ

ကျေးရွာအတွင်းရှိ လူထုအခြေပြု အဖွဲ့အစည်းများတွင် ရပ်မိရပ်ဖအဖွဲ့ (ကျား - ၈ ဦး)၊ အုပ်ချုပ်ရေးအဖွဲ့ (ကျား - ၂၀ ဦး) သည် ကျေးရွာ၏ ပညာရေး၊ ကျန်းမာရေး၊ ဘာသာရေး၊ သာရေးနာရေး၊ လူမှုဖွံ့ဖြိုးရေးလုပ်ငန်းများတွင် စည်းရုံး လုပ်ဆောင်နေကြ ပါသည်။ ကာလသား ကာလသမီးအဖွဲ့ (ကျား - ၅၀ ဦး + မ - ၅၀ ဦး) သည် ကျေးရွာ၏ သာရေးနာရေး၊ လူမှုဖွံ့ဖြိုးရေးလုပ်ငန်းများတွင် အားတက်သရော စုပေါင်း လုပ်ဆောင်နေကြပါသည်။ အမျိုးသမီးရေးရာအဖွဲ့ (မ - ၆ ဦး)၊ မိခင်နှင့်ကလေးစောင့်ရှောက်ရေး အဖွဲ့ (မ - ၆ ဦး) တို့သည် ကျေးရွာ၏ ကျန်းမာရေး၊ လူမှုဖွံ့ဖြိုးရေး လုပ်ငန်းများတွင် ပါဝင်ဆောင်ရွက်ကြပါသည်။ ကျောင်းအကျိုးတော်ဆောင်အဖွဲ့ (က - ၉ ဦး + မ - ၃ ဦး) သည် ကျေးရွာ စာသင်ကျောင်းရှိ ဆရာ/ဆရာမများနှင့် ပူးပေါင်း၍ ကျေးရွာ၏ ပညာရေးကဏ္ဍတိုးတက်လာစေရေးအတွက် လုပ်ဆောင်လျှက် ရှိပါသည်။ မီးလင်းရေး ကော်မတီ (က - ၁၈ ဦး + မ - ၂ ဦး) သည် ကျေးရွာ၏ မီးလင်းရေးအတွက် လည်းကောင်း၊ ကျေးရွာလုံခြုံရေးအဖွဲ့ (က - ၂၀ ဦး) သည် ကျေးရွာ၏ ဘာသာရေး၊ သာရေးနာရေး၊ လူမှုဖွံ့ဖြိုးရေးစသည့် အပိုင်းတို့တွင် ပါဝင်ဆောင်ရွက်နေကြပါသည်။

ကျေးရွာအတွင်းရှိ အဖွဲ့အစည်းများသည် တစ်ဖွဲ့နှင့်တစ်ဖွဲ့ စုစည်းညီညာစွာဖြင့် ကျေးရွာဖွံ့ဖြိုးရေးအတွက် အားတက်သရော စုပေါင်းလုပ်ဆောင်နေကြပါသည်။ ကျေးရွာတွင်

ဖွံ့ဖြိုးရေး ဆောင်ရွက်နေသော Easy, Norway နှင့် Jaca ပုဂ္ဂလိက ပြင်ပအဖွဲ့အစည်းများရှိပါသည်။ Easy နှင့် Norway အဖွဲ့မှာ အသေးစားငွေချေးလုပ်ငန်းများ လုပ်ကိုင်ကြပါသည်။ Jaca အဖွဲ့မှာ ငွေချေးလုပ်ငန်းနှင့် ကျေးရွာ၏ လူမှုဖွံ့ဖြိုးရေး လုပ်ငန်းများကို လုပ်ကိုင်ဆောင်ရွက်ပေးပါသည်။

## ၄။ စီးပွားရေးနှင့် အသက်မွေးမှု အခြေအနေ

### (က) သီးနှံ စိုက်ပျိုးရေး

ညာထားဝယ်ကျေးရွာတွင် ၂.၅ ဧကအောက် ဆင်းရဲသားတောင်သူ (၃၀) အိမ်ထောင်စု၊ ၂.၅ ဧကမှ ၅ ဧကကြား တောင်သူငယ် (၂၄) အိမ်ထောင်စု၊ ၅ ဧကမှ ၁၂.၅ ဧကကြား တောင်သူလတ် (၂၁) အိမ်ထောင်စု၊ ၁၂.၅ ဧက အထက် တောင်သူကြီး (၅) အိမ်ထောင်စု စသည်တို့ ရှိကြပြီး အဓိကအားဖြင့် စပါး၊ ရော်ဘာနှင့် ဥယျာဉ်ခြံသီးနှံများကို အားထားစိုက်ပျိုးကြပါသည်။ မြေယာမဲ့ အိမ်ထောင်စုများသည် စုစုပေါင်း အိမ်ထောင်စုထက် ထက်ဝက်ကျော်ရှိပြီး အများစုသည် နေ့စားကျပန်းနှင့် ပြည်ပတွင် သွားရောက် လုပ်ကိုင်နေကြပါသည်။

ကျေးရွာ၏ စိုက်ပျိုးရေးတွင် မိုးရေကိုသာ အဓိကထား လုပ်ကိုင်ကြပြီး တစ်ချို့လယ်ဧကများသည် နွေရာသီတွင်ချောင်းရေကို အသုံးပြုကြပါသည်။ ချောင်းရေကိုတစ်နှစ်ပတ်လုံးအသုံးပြုနိုင်သော်လည်း နွေရာသီတွင် ချောင်းရေလုံလောက်မှု နည်းပါးပါသည်။ ကျေးရွာအတွင်းရှိ လယ်သမားများတွင် တစ်ဦးချင်းပိုင် ထွန်စက် (၁၀) စီး၊ လက်တွန်းထွန်စက် (၆) စီး၊ ရေစုပ်စက် (၅) လုံး၊ မြက်ရိတ်စက် (၃၃) စီး ရှိပါသည်။ စက်ကိရိယာ မပိုင်ဆိုင်သောသူများမှာ ငှားရမ်းလုပ်ကိုင်ကြပြီး မလုံလောက်သောကြောင့် အချိန်မီပြီးစီးမှုတွင် အခက်အခဲများ ရှိနေပါသည်။

စပါးစိုက်ပျိုးရေးမှာ အထွက်နှုန်းမှာ နှစ်စဉ်ပုံမှန်မရှိ ရာသီဥတု အခြေအနေပေါ် မူတည်ပြီး အထွက်နှုန်းမှာ ပျမ်းမျှအနေဖြင့် တစ်ဧကလျှင် (၄၅) တင်းခန့်သာ ထွက်ရှိပါသည်။ စပါးအထွက်နှုန်းနည်းရခြင်းမှာ စိုက်ပျိုးရေးနည်းပညာများ လိုအပ်ခြင်းနှင့် ရိုးများတိမ်ကောနေသဖြင့် မိုးရာသီတွင် စိုက်ခင်းများ ရေလွှမ်းသဖြင့် စပါးများပျက်စီးဆုံးရှုံးမှုများ ရှိသောကြောင့် ရိုးမြောကိုပြန်လည်ဖော်ထုတ်ရန် လိုအပ်ပါသည်။ ရော်ဘာစိုက်ပျိုးရေးမှာ အသင့်အတင့် ကောင်းမွန်သော်လည်း ဈေးနှုန်းရရှိမှုနည်းသဖြင့် စီးပွားရေးတွက်ချေကိုက်မှုနည်းပါးပါသည်။ မြို့နှင့်နီးသောကြောင့် သီးနှံမျိုးစေ့များနှင့် စိုက်ပျိုးရေး မြေသြဇာများကို အလွယ်တကူ ဝယ်ယူရရှိနိုင်ပြီး စိုက်ပျိုးရေးလုပ်ငန်း ထွက်ကုန်များကိုလည်း ကုန်သည်၊ ပွဲစားများနှင့်ဈေးတွင် ဈေးနှုန်းမှန်ကန်စွာဖြင့် အလွယ်တကူ ရောင်းချနိုင်ပါသည်။ စိုက်ပျိုးရေးချေးငွေများကိုလည်း မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ်တွင် ပုံစံ (၇) ဖြင့် ချေးယူနိုင်ပါသည်။

ပြည်ပနိုင်ငံများတွင် သွားရောက်လုပ်ကိုင်သည့် လူဦးရေများပြားသဖြင့် လုပ်သား အင်အားရှားပါးခြင်း အခက်အခဲကို ကြုံတွေ့နေရပါသည်။ မိုးစပါးစိုက်ပျိုးရာတွင် စပါးဖျက် ပိုးနှင့် ခရုဖျက်ပိုးများ အနည်းငယ်ရှိသဖြင့် ဆုံးရှုံးမှု အနည်းငယ်ရှိပါသည်။ လယ်များတွင် အထွက်နှုန်းနည်းပါးပြီး နည်းပညာ အားနည်းသောကြောင့် စိုက်ပျိုးရေးဆိုင်ရာ နည်းပညာ များအတွက် ချိတ်ဆက်နိုင်မည်ဆိုပါက စိုက်ပျိုးရေးတွင် အထွက်နှုန်းကောင်းမွန်ပြီး အရည် အသွေး ပြည့်ဝသော ထုတ်ကုန်များ ရရှိလာနိုင်ပါမည်။

## (ခ) မွေးမြူရေးလုပ်ငန်း

ကျေးရွာတွင် နွားမွေးမြူထားသည့် အိမ်ထောင်စု (၅) အိမ်ရှိပြီး နွားကောင်ရေ (၁၈) ကောင်၊ ကျွဲမွေးမြူထားသည့် အိမ်ထောင်စု (၇) စုမှ (၇၈) ကောင်၊ အိမ်ထောင်စု (၃) အိမ်မှ ဆိတ် (၁၄) ကောင်၊ အိမ်ထောင်စု (၉၆) အိမ်မှ ဝက် (၁၉၁) ကောင်၊ အိမ်ထောင်စု (၁၂၂) အိမ်မှ ကြက် (၇၇၆) ကောင်၊ အိမ်ထောင်စု (၁၆) အိမ်မှ ဘဲ (၈၇) ကောင် စသည်ဖြင့် တစ်ပိုင် တစ်နိုင်မွေးမြူရေးကို လုပ်ကိုင်နေကြပါသည်။ ချောင်းနှင့်နီးသောကြောင့် ငါးဖမ်းလုပ်ကိုင်သူ အနည်းငယ်ရှိသော်လည်း စီးပွားဖြစ်မဟုတ်ပါ။

မွေးမြူရေးလုပ်ငန်းမှာ တစ်ပိုင်တစ်နိုင်သာ မွေးမြူကြသဖြင့် ရေနှင့် ပတ်သက်သော အခက်အခဲများ မရှိပါ။ သထုံမြို့နှင့်နီးသောကြောင့် မျိုးတိရစ္ဆာန်ရရှိမှု၊ အစာနှင့်ဆေးများကို အလွယ်တကူရနိုင်သည့်အပြင် တိရစ္ဆာန်များကိုလည်း အိမ်ခြံဝင်းအတွင်း မြေနေရာလုံလောက်မှု အသင့်အတင့်ရှိသဖြင့် တစ်ပိုင်တစ်နိုင် မွေးနိုင်ခြင်း ဖြစ်ပါသည်။ တစ်ပိုင်တစ်နိုင် မွေးမြူရန် အတွက် မိတ်ဆွေ၊ ဆွေမျိုးများတွင် ချေးငွေ အသင့်အတင့် ရနိုင်ပါသည်။

တိရစ္ဆာန်များလွတ်လပ်စွာ အစာရှာစားနိုင်သည့် စားကျက်မြေနည်းပါးပြီး မွေးမြူရေး နှင့်ပတ်သက်သည့် နည်းပညာများနှင့် ကာကွယ်ဆေးထိုးခြင်း ဝန်ဆောင်မှုများ မရှိသဖြင့် ရာသီကူးပြောင်းချိန်တွင် ရောဂါများကူးစက်ခံရပြီး ပျက်စီးဆုံးရှုံးမှု အနည်းငယ်ရှိပါသည်။ စီးပွားဖြစ်မွေးမြူရေးလုပ်ငန်း လုပ်ကိုင်မည်ဆိုပါက မွေးမြူရေးနည်းပညာနှင့် ပတ်သက်သည့် အတွေ့အကြုံ၊ အသိပညာများ လိုအပ်နေပါသည်။

## (ဂ) စိုက်ပျိုးမွေးမြူရေး မဟုတ်သော အခြားဝင်ငွေရ လုပ်ငန်းများ

ကျေးရွာတွင် တစ်ပိုင်တစ်နိုင် ဈေးဆိုင်များနှင့် ဆိုင်ကယ်ပြင်ဆိုင်၊ အပ်ချုပ်ဆိုင် စသည့်လုပ်ငန်းများ လုပ်ကိုင်နေကြပါသည်။ စီးပွားရေးအတွက် ချေးငွေများကို ရနိုင်သော် လည်း လုံလောက်သည့် ပမာဏများ မရရှိပါ။ ညာထားဝယ်ကျေးရွာမှ ထွက်ရှိသော ရော်ဘာ ပြားများကို ပွဲစားများ၊ အခြားရွာများ၊ အသိမိတ်ဆွေများဖြင့် ဈေးကွက်၊ ဈေးနှုန်းများကို သိရှိပြီး ရောင်းဝယ်မှုများပြုလုပ်နေကြပါသည်။

ညာထားဝယ်ကျေးရွာတွင် စိုက်ပျိုး၊ မွေးမြူရေးမဟုတ်သော အသက်မွေးလုပ်ကိုင်နေကြသော မိသားစုဝင်များသည် အသက်မွေးဝမ်းကျောင်းနည်းပညာနှင့် အသေးစား/အလတ်စား စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုဆိုင်ရာ ဝန်ဆောင်မှုများ မရှိခြင်း၊ အလုပ်နှင့်လိုက်လျော ညီထွေဖြစ်သော အတတ်ပညာများ ကျွမ်းကျင်စွာ တတ်မြောက်မှုမရှိခြင်းတို့ကြောင့် အလုပ်အကိုင် အခွင့်အလမ်း နည်းပါးသဖြင့် အခြားဒေသများနှင့် နိုင်ငံခြားတို့တွင် လုပ်ကိုင်သူဦးရေများ ပြားပြီး လုပ်သားအင်အား ရှားပါးပါသည်။ လယ်ယာသားငါးထွက်ကုန် မဟုတ်သော အခြားဒေသထွက်ကုန်များကို ရောင်းချရန် ဈေးကွက်အသင့်အတင့်ရှိသော်လည်း ဈေးကွက်ဆိုင်ရာ အသိအမြင်ရှိမှု အားနည်းပါသည်။

## (ဃ) ဘဏ်နှင့် ငွေကြေးဆိုင်ရာ ဝန်ဆောင်မှု

လယ်သမားများသည် စိုက်ပျိုးစရိတ် ချေးငွေများကို မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ်တွင် ပုံစံ (၇) ဖြင့် တစ်ဧကလျှင် (၁.၅) သိန်းနှုန်းဖြင့် (၁၀) ဧကအထိ အလွယ်တကူ ချေးယူ၍ ရရှိနိုင်သော်လည်း ကိုယ်ပိုင်ရင်းနှီးငွေ နည်းပါးကြပါသည်။ မွေးမြူရေးလုပ်ငန်းများနှင့် စိုက်ပျိုး၊ မွေးမြူရေးမဟုတ်သော အသက်မွေးလုပ်ကိုင်နေကြသော မိသားစုဝင်များသည် ချေးငွေများ လွယ်ကူစွာ လိုသလောက် မရရှိသဖြင့် တစ်ပိုင်တစ်နိုင်လုပ်ငန်းမှ စီးပွားဖြစ်လုပ်ကိုင်ကြရန် အခွင့်အလမ်းများ နည်းနေကြပါသည်။ ကျေးရွာအတွင်းရှိ ငွေချေးသူများထံမှ တစ်လအတိုးနှုန်း (၅-၁၀) ရာခိုင်နှုန်းထိ ချေးယူနေကြရပါသည်။ ထို့ကြောင့် အတိုးနှုန်း သက်သာသော ကာလရှည်ချေးငွေများ ရရှိရန် လိုလားကြပါသည်။

## ၅။ အခြေခံအဆောက်အဦနှင့် ဝန်ဆောင်မှုများ

## (က) ကျေးလက် သယ်ယူပို့ဆောင်ရေး

ကျေးရွာတွင် ကားမောင်းခြင်း၊ ဆိုင်ကယ်ကယ်ရီမောင်းခြင်းလုပ်ငန်းများကို လုပ်ကိုင်နေသည့် အိမ်ထောင်စု အနည်းငယ်ရှိ ပါသည်။ ကျေးရွာတွင် စက်ဘီး (၁၄၁) စီး၊ မော်တော်ဆိုင်ကယ် (၁၀၇) စီး၊ သုံးဘီးဆိုင်ကယ် (၂) စီး၊ ထော်လာဂျီ (၇) စီး၊ ကား (၆) စီး စသည် ဖြင့် သယ်ယူပို့ဆောင်ရေးကဏ္ဍအတွက် အသုံးပြုနေကြပါသည်။ လှေပိုင်ဆိုင်သော အိမ်ထောင်စုများရှိသော်လည်း မိုးရွာသီတွင် ငါးဖမ်းလုပ်ငန်းလုပ်ကိုင်ခြင်းနှင့် လယ်ထဲသို့ အဆင်းအတက်ပြုရာတွင် အသုံးပြုပါသည်။

ကျေးရွာအတွင်းရှိ ရွာတွင်းလမ်းများမှာ မြေသားလမ်းများဖြစ်ပြီး ကြာပန်း-ဝီယော် ခရိုင်ချင်းဆက်လမ်း ကတ္တရာလမ်းမပေါ်တွင် ရှိပါသည်။ မြေသားလမ်းများမှာ မိုးတွင်းကာလများတွင် လမ်းများပေါ်သို့ ရေကျော်ပြီး ဗွက်များ၊ ချိုင့်များဖြစ်ကာ သွားလာရ အဆင်မပြေမှုများ ရှိနေပါသည်။

ကျေးရွာတွင် ကုန်ထုတ်တံတား (၁) စင်းရှိကာ လွန်ခဲ့သောနှစ်များစွာက တည် ဆောက်ခဲ့ခြင်းကြောင့် ပျက်စီးယိုယွင်းမှု နေသောကြောင့် ကွန်ကရစ်တံတား တည်ဆောက် ရန် လိုအပ်နေပါသည်။ ကျေးရွာအဝင်တံတား (၃) စင်းမှာလည်း ပြုပြင်တည်ဆောက်ရန် လိုအပ်လျှက် ရှိပါသည်။ ရေကြောင်းသယ်ယူပို့ဆောင်ရေး အသုံးမပြုပါ။

## (ခ) ကျေးရွာ မီးလင်းရေး

ကျေးရွာတွင် မဟာဓာတ်အားလိုင်းအား ချိတ်ဆက်၍ လျှပ်စစ်မီးအသုံးပြုနေကြသည့် အိမ်ထောင်စု (၄၀) စု ရှိပြီး၊ ဆိုလာစနစ်၊ အခြားနည်းစနစ်များဖြင့် မီးသုံးစွဲနေသော အိမ် ထောင်စုများလည်း ရှိကြပြီး လျှပ်စစ်မီး လုံးဝ အသုံးမပြုနိုင်သေးသော အိမ်ထောင်စု (၁၀၃) စု ရှိပါသည်။

## (ဂ) သတင်းနှင့် ဆက်သွယ်ရေး

ညာထားဝယ်ကျေးရွာတွင် ဆက်သွယ်ရေးနှင့် သတင်းအချက်အလက်များကို ဖုန်း (၁၆၀) လုံး၊ ရေဒီယို (၁၆) လုံး၊ တီဗွီ (၈၈) လုံး၊ ဂြိုလ်တုစလောင်း (၆၃) လုံး စသည်တို့မှ ရရှိသည့်အပြင် အမ်ပီတီနှင့် တယ်လီနော ဖုန်းတာဝါတိုင်များလည်း ကျေးရွာတွင် ရှိသဖြင့် ဆက်သွယ်ရေးဆိုင်ရာ အခက်အခဲများ အထူးတလည် မရှိပေ။

## ၆။ ပညာရေး

ကျေးရွာပိုင် အလယ်တန်း (ခွဲ) ကျောင်းတွင် အလယ်တန်းအဆင့်ပညာရေးကို သင် ကြားနိုင်ပြီး ကြာပန်းကျေးရွာနှင့် နီးသောကြောင့် အထက်တန်းအဆင့်များကို ကြာပန်း ကျေးရွာတွင် ဆက်လက်ပညာသင်ယူကြပါသည်။ တက္ကသိုလ်တက်နေသည့် ကျောင်းသား/ သူများလည်း အနည်းငယ် ရှိပါသည်။ အလယ်တန်း(ခွဲ)ကျောင်းတွင် ကျောင်းဆောင် (၂) ဆောင်ရှိပြီး မိမိတို့ကျေးရွာမှ ကျောင်းသားများသာမက အခြားနီးစပ်ရာ ကျေးရွာများမှပါ လာရောက်ပညာ သင်ကြားကြသဖြင့် ကျောင်းသုံးပရိဘောဂများ လုံလောက်မှု မရှိပါ။ ကျောင်းသုံးအိမ်သာများလည်း ပျက်စီးယိုယွင်းလာသဖြင့် ပြင်ဆင်ရန် လိုအပ်နေပါသည်။ ဆရာ/ဆရာမ လုံလောက်မှုမရှိဘဲ ကျောင်းထွက်နှုန်းလည်း အလယ်အလတ် ပမာဏ ရှိပါ သည်။

ကျေးရွာတွင် စာမတတ်သည့် လူဦးရေ အများစုမှာ သက်ကြီးရွယ်အိုများ ဖြစ်ကြပါ သည်။ မူလတန်းအဆင့် စာတတ်မြောက်သည့် လူဦးရေမှာ (၆၈.၄၇) ရာခိုင်နှုန်းအထိ များ ပြားပြီး၊ အလယ်တန်းအဆင့် စာတတ်မြောက်သူများမှာ (၁၃.၄၇) ရာခိုင်နှုန်း၊ အထက်တန်း အဆင့် စာတတ်မြောက်သူများမှာ (၇.၉၆) ရာခိုင်နှုန်းနှင့် တက္ကသိုလ်အဆင့် စာတတ်မြောက် သူမှာ (၂.၃၅) ရာခိုင်နှုန်း ရှိပါသည်။ ယခုအချိန်တွင် မိဘများသည် ပညာရေးကဏ္ဍကို

စိတ်ပါဝင်စားမှု တိုးတက်လာသဖြင့် ကျေးရွာ၏ အနာဂတ်ကာလအတွက် တိုးတက်မှုများ ရှိလာနိုင်ပါသည်။

## ၇။ ကျန်းမာရေး၊ ရေနှင့် ပတ်ဝန်းကျင် သန့်ရှင်းရေး

ညာထားဝယ်ကျေးရွာတွင် ဖမ်းပျက်ဖမ်းလျှောရောဂါနှင့် သွေးလွန်တုပ်ကွေးရောဂါ များသည် မိုးရာသီတွင် အဖြစ်များသော်လည်း ကျေးလက်ကျန်းမာရေးဌာနခွဲသို့ သွားရောက် ကုသကြသဖြင့် သက်သာပျောက်ကင်းကြပါသည်။ လိုအပ်သည့် ကာကွယ်ဆေးများအား ထိုးပေးလျှက်ရှိပြီး၊ ၂၀၁၇ ခုနှစ် နိုဝင်ဘာလတွင် ကျေးရွာရှိ ကလေးသူငယ်များအား ဂျပန် ဦးနှောက်ရောင်ကာကွယ်ဆေး ထိုးနှံပေးခဲ့ပါသည်။ ကျေးရွာတွင် ကျေးလက်ကျန်းမာရေး ဌာနခွဲရှိပြီး ကုတင်နှင့်ဆေးဝါး လုံလောက်မှု မရှိပါ။ အရေးပေါ်အခြေအနေများတွင် သထုံ ခရိုင်ပြည်သူ့ဆေးရုံကြီးသို့ ပို့ဆောင်ပေးနိုင်သဖြင့် ကျန်းမာရေးနှင့် ပတ်သက်သည့် အခက် အခဲများ မရှိပေ။

ကျေးရွာတွင် သောက်သုံးရေများကို လက်တူးတွင်းများဖြင့် အဓိကထား အသုံးပြုကြ သော်လည်း နွေရာသီတွင် ရေတွင်းများမှာ ရေခမ်းသဖြင့် စက်ရေတွင်းနှင့် ရေလှောင်ကန် တစ်ကန် လိုအပ်နေပါသည်။ ကျေးရွာတွင် သန့်ရှင်းသော ယင်လုံအိမ်သာများကို အသုံးပြု သည့် အိမ်ထောင်စု ထက်ဝက်ခန့်သာရှိပြီး မသန့်ရှင်းသော ယင်လုံအိမ်သာ အသုံးပြုသည့် အိမ်ထောင်စုမှာလည်း ထက်ဝက်ခန့် ရှိပါသည်။

## ၈။ ဘေးအန္တရာယ်များနှင့် သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေး

ညာထားဝယ်ကျေးရွာတွင် အမျိုးသမီးဦးဆောင်သည့် ဆင်းရဲသည့် အိမ်ထောင်စုများ နှင့် လက်လုပ်လက်စားကျပန်းများလုပ်ကိုင်သည့် အိမ်ထောင်စုများ အနည်းငယ်ရှိသဖြင့် ၄င်းအိမ်ထောင်စုများသည် သဘာဝဘေးနှင့် စားနပ်ရိက္ခာမဖူလုံသည့် အခြေအနေများ ကြုံ တွေ့ပါက အခြားအိမ်ထောင်စုများထက်ပို၍ ထိခိုက်ခံစားလွယ်နိုင်ပါသည်။ မိမိနေရပ်တွင် အသက်မွေးဝမ်းကျောင်း လုပ်ကိုင်ရန်အတွက် အခွင့်အလမ်းနည်းပါးခြင်း၊ အသက်မွေးမှု နည်းပညာ အားနည်းခြင်းတို့ကြောင့် ရွှေ့ပြောင်းသွားလာနေထိုင်သည့် အိမ်ထောင်စုများ လည်း ရှိပါသည်။ ၄င်းတို့သည် အခြားသောဘေးအန္တရာယ်ကြုံတွေ့ပါက ထိခိုက်သက်ရောက် မှု နည်းပါးပါသည်။

မိုးရာသီတွင် သွေးလွန်တုပ်ကွေးရောဂါနှင့် နှာစေးချောင်းဆိုး ဖြစ်ပွားသူ အနည်းငယ် ရှိပါသည်။ ကျေးရွာသူ၊ ကျေးရွာသားများသည် စည်းစည်းလုံးလုံးနှင့် အတူတကွ နေထိုင်ကြ သဖြင့် ပဋိပက္ခများမရှိပါ။ ရာသီကူးပြောင်းမှုများတွင် ခွာနာ၊ လျှာနာရောဂါစသည့် တိရိစ္ဆာန် ရောဂါများ ဖြစ်ပွားလေ့ရှိပြီး၊ ကြက်၊ ဂက်ရောဂါများဖြစ်ပွားမှု အနည်းငယ် တွေ့ရပါသည်။

## ၉။ ကျား-မ ရေးရာ ကိစ္စရပ်ဆိုင်ရာ

ညာထားဝယ်ကျေးရွာ၏ ကျေးရွာစီမံခန့်ခွဲမှုအပိုင်းတွင် အမျိုးသမီးများ ပါဝင်မှုမရှိသော်လည်း ကျေးရွာဖွံ့ဖြိုးမှု လုပ်ဆောင်သည့် လုပ်ငန်းများတွင် အမျိုးသမီးများ တက်ကြွစွာ ပါဝင်ဆောင်ရွက်နေကြပါသည်။ အမျိုးသမီးအကြမ်းဖက်မှုများ မရှိသော်လည်း အကြမ်းဖက်မှုများတွင် ကာကွယ်ရမည့် တရားနည်းဥပဒေဆိုင်ရာ အသိပညာများ အားနည်းကြပါသည်။

## ၁၀။ ဦးစားပေးဆောင်ရွက်မည့် အဆိုပြု စီမံချက်လုပ်ငန်းများ

| ကျေးရွာအုပ်စုအမည် - ဝီယော် | | | ကျေးရွာအမည် - ညာထားဝယ် | မှတ်ချက် |
|---|---|---|---|---|
| စဉ် | ကဏ္ဍ | စီမံချက် ဆိုလိုရင်း | စီမံချက်နှင့်လုပ်ငန်းစဉ်များ | |
| ၁ | စိုက်ပျိုးရေး | နည်းပညာ | ပိုးမွှား၊ ရောဂါကာကွယ်နှိမ်နှင်းရေး နည်းပညာသင်တန်း/ဟောပြောပွဲများ စီစဉ်ဆောင်ရွက်ခြင်း။ | |
| ၂ | စိုက်ပျိုးရေး | ဈေးကွက် | စိုက်ပျိုးရေးလုပ်ငန်းကို စီးပွားရေးအမြင်ဖြင့် လုပ်ဆောင်နိုင်ရန် စီးပွားရေးအမြင်ဖွင့် သင်တန်းများ ပြုလုပ်ခြင်း။ | |
| ၃ | စိုက်ပျိုးရေး | စက်ကိရိယာ | လယ်ယာသုံး စက်ကိရိယာများ လုံလောက်စွာ အသုံးပြုနိုင်ရန် ပုဂ္ဂလိကလုပ်ငန်းရှင်များနှင့် ချိတ်ဆက်ခြင်း။ | |
| ၄ | စိုက်ပျိုးရေး | နည်းပညာ | မြေဆီလွှာ ပြုပြင်ထိန်းသိမ်းနည်း သင်တန်းများ စီစဉ်ခြင်း။ | |
| ၅ | မွေးမြူရေးနှင့်ငါးလုပ်ငန်း_ မွေးမြူရေးဆေးပညာ | တိရစ္ဆာန် မွေးမြူရေး | မြို့နယ် မွေး/ကုဌာနနှင့် ချိတ်ဆက်၍ စီးပွားဖြစ် မွေးမြူနည်းသင်တန်းများနှင့် ဝန်ဆောင်မှုများ ရရှိရန် ချိတ်ဆက်ခြင်း။ | |
| ၆ | ထုတ်ကုန်လုပ်ငန်းနှင့်အသေးစား_ အလတ်စားစီးပွားရေးလုပ်ငန်းများဆိုင်ရာ | ထုတ်ကုန်လုပ်ငန်းများ၊ SMLE | အသေးစား/အလတ်စား စီးပွားရေးကျွမ်းကျင်မှု သင်တန်းများ စီစဉ်ခြင်း။ | |
| ၇ | ထုတ်ကုန်လုပ်ငန်းနှင့်အသေးစား_ အလတ်စားစီးပွားရေးလုပ်ငန်းများဆိုင်ရာ | ထုတ်ကုန်လုပ်ငန်းများ၊ SMLE | စိတ်ပါဝင်စားသော မိသားစုများအတွက် ဒေသနှင့်သင့်လျော်သော အသက်မွေးဝမ်းကျောင်း နည်းပညာသင်တန်းများ စီစဉ်ခြင်း | |
| ၈ | ငွေကြေး | အသေးစား | အသေးစား/အလတ်စား ဖွံ့ဖြိုးတိုးတက်လာစေရန် ချေးငွေရရှိနိုင်မည့်လိုအပ်ချက်များ ပြင်ဆင်ခြင်း။ | |
| ၉ | ငွေကြေး | အသေးစား | အသက်မွေးဝမ်းကျောင်း လုပ်ငန်းပေါ်မူတည်၍ အတိုးနှုန်းနည်းပြီး ကာလရှည် ထုတ်ချေးပေးနိုင်မည့် ချေးငွေနေရာများနှင့် ချိတ်ဆက်ခြင်း။ | |
| ၁၀ | ငွေကြေး | ရပ်ရွာအခြေပြု | မြစိမ်းရောင်ချေးငွေစီမံကိန်း ရရှိရန် ချိတ်ဆက်ခြင်း။ | |
| ၁၁ | ပညာရေး | ကျောင်းအဆောက်အဦ၊ ပရိဘောဂ၊ သင်ထောက်ကူ | ကျောင်းဆောင်များအား ပြုပြင်ထိန်းသိမ်းမှု လုပ်ဆောင်ခြင်း။ | |
| ၁၂ | ပညာရေး | ကျောင်းအဆောက်အဦ၊ ပရိဘောဂ၊ သင်ထောက်ကူ | ကျောင်းသုံးပရိဘောဂများ (၃၀) စုံ ဖြည့်တင်းခြင်း။ | |

| ကျေးရွာအုပ်စုအမည် - ဝီယော် | | | ကျေးရွာအမည် - ညာထားဝယ် | မှတ်ချက် |
|---|---|---|---|---|
| စဉ် | ကဏ္ဍ | စီမံချက် ဆိုလိုရင်း | စီမံချက်နှင့်လုပ်ငန်းစဉ်များ | |
| ၁၃ | ပညာရေး | ကျောင်းအဆောက်အဦ၊ ပရိဘောဂ၊ သင်ထောက်ကူ | အိမ်သာများအား ပြန်လည်ပြင်ဆင်ခြင်း။ | |
| ၁၄ | ပညာရေး | ဆရာ/ဆရာမ | ကျောင်းဆရာ/ဆရာမ (၂) ဦး ရရှိရန် တင်ပြခြင်း။ | |
| ၁၅ | ကျန်းမာရေး | ကျန်းမာရေးပညာပေး၊ ကျောင်းကျန်းမာရေး | ကျန်းမာရေးအသိပညာပေး ဟောပြောပွဲများ စီစဉ်ပေးခြင်း။ | |
| ၁၆ | ကျန်းမာရေး | ဆေးပေးခန်း | ကျေးလက်ကျန်းမာရေးဌာနခွဲတွင် လိုအပ်သော အသုံးအဆောင်များ ဖြည့်တင်းခြင်း။ | |
| ၁၇ | ကျန်းမာရေး | ကျန်းမာရေးပညာပေး၊ ကျောင်းကျန်းမာရေး | သန့်ရှင်းသောအိမ်သာများ ပြောင်းလဲအသုံးပြုလာကြရန် အသိပညာပေးခြင်း။ | |
| ၁၈ | အခြေခံအဆောက်အဦ | ကျေးလက် လမ်းတံတား | စာသင်ကျောင်း အဝင်လမ်း အား ကွန်ကရစ်လမ်းသို့ အဆင့်မြှင့်တင်ခြင်း။ | |
| ၁၉ | အခြေခံအဆောက်အဦ | ကျေးလက် လမ်းတံတား | ကျေးရွာနှင့် သချိုင်းသို့ ဆက် သွယ်သွားသောလမ်းအား ကွန်ကရစ်လမ်းသို့ အဆင့်မြှင့်တင်ခြင်း။ | |
| ၂၀ | အခြေခံအဆောက်အဦ | ကျေးလက် လမ်းတံတား | ကျေးရွာကုန်ထုတ်တံတား ၂၀၀–x၁၂–x၅၀– အား ကွန်ကရစ်တံတားအဖြစ် တည်ဆောက်ခြင်း။ | |
| ၂၁ | အခြေခံအဆောက်အဦ | ကျေးလက် လမ်းတံတား | ကျေးရွာအဝင်တံတား အမှတ် (၁) ၂၂–x ၁၀–x ၁၅–အား ပြန်လည်ပြုပြင်ခြင်း | |
| ၂၂ | အခြေခံအဆောက်အဦ | ကျေးလက် လမ်းတံတား | ကျေးရွာအဝင်တံတား အမှတ် (၂) ၁၂–x ၁၀–x ၁၀–အား ပြန်လည်ပြုပြင်ခြင်း။ | |
| ၂၃ | အခြေခံအဆောက်အဦ | ကျေးလက် လမ်းတံတား | ကျေးရွာအဝင်တံတား အမှတ် (၃) ၁၃–x ၁၀–x ၅–အား ပြန်လည်ပြုပြင်ခြင်း။ | |
| ၂၄ | အခြေခံအဆောက်အဦ | သောက်သုံးရေ | စက်ရေတွင်းနှင့် ရေကန် တစ်ကန် တည်ဆောက်ခြင်း။ | |
| ၂၅ | လျှပ်စစ် | မဟာဓာတ်အားလိုင်း | ကျေးရွာလုံးကျွတ် လျှပ်စစ်မီး အသုံးပြုနိုင်ရန် ချိတ်ဆက်ဆောင်ရွက်ခြင်း။ | |
| ၂၆ | လူငယ်နှင့်အားကစား | လူငယ့်အခွင့်အလမ်း | လက်ရှိလူငယ်အဖွဲ့အား စွမ်းဆောင်ရည်မြင့်တင်ရေးသင်တန်းများ ပြုလုပ်ခြင်း။ | |
| ၂၇ | လူငယ်နှင့်အားကစား | လူငယ့်အခွင့်အလမ်း | ကျေးရွာပိုင် စာကြည့်တိုက်/ လေ့လာသင်ယူရန် နေရာတစ်ခု ဖန်တီးခြင်း။ | |
| ၂၈ | လူငယ်နှင့်အားကစား | အားကစား | သင့်တော်သော နေရာအား အားကစားကွင်း ပြုလုပ်နိုင်ရန် စုပေါင်းတိုင်ပင်ခြင်း | |
| ၂၉ | လူငယ်နှင့်အားကစား | အမျိုးသမီး | အမျိုးသမီးများအား တရား ဥပဒေဆိုင်ရာအသိပညာပေး ဟောပြောပွဲများ စီစဉ်ခြင်း။ | |

| ကျေးရွာအုပ်စုအမည် - ဝီယော် | | | ကျေးရွာအမည် - ညာထားဝယ် | မှတ်ချက် |
|---|---|---|---|---|
| စဉ် | ကဏ္ဍ | စီမံချက် ဆိုလိုရင်း | စီမံချက်နှင့်လုပ်ငန်းစဉ်များ | |
| ၃၀ | သယံဇာတနှင့်သဘာဝ ဝန်းကျင် | သဘာဝဘေး လျော့ချရေး | သဘာဝဘေးအန္တရာယ် လျော့ချရေးဆိုင်ရာ အသိပညာပေး ဆွေးနွေးပွဲများ ပြုလုပ်ရန် သက်ဆိုင်ရာဌာန/အဖွဲ့အစည်းများအား ချိတ်ဆက်ခြင်း။ | |
| ၃၁ | | | | |
| ၃၂ | | | | |
| ၃၃ | | | | |
| ၃၄ | | | | |
| ၃၅ | | | | |

နောက်ဆက်တွဲ (၁)

## ညာထားဝယ်ကျေးရွာ၊ ခနေကျေးရွာအုပ်စု၊ ကျေးရွာဖွံ့ဖြိုးရေးကော်မတီဝင်များစာရင်း

| စဉ် | အမည် | အဘအမည် | မှတ်ပုံတင်အမှတ် | အသက် | တာဝန် | ဖုန်းနံပါတ် |
|---|---|---|---|---|---|---|
| ၁ | ဦးသက်ရှည် | ဦးလှဖေ | ၁၀/သထန(နိုင်) ၁၂၈၆၁၀ | ၅၄ | နာယက | ၀၉-၇၇၃၁၀၈၃၆၉ |
| ၂ | ဦးစံရွှေ | ဦးစောလှိုင် | ၁၀/သထန(နိုင်) ၁၄၃၅၁၁ | ၆၁ | နာယက | - |
| ၃ | ဦးဘဝင်း | ဦးဘလှိုင် | ၁၀/သထန(နိုင်) ၂၀၆၈၇၄ | ၅၇ | နာယက | - |
| ၄ | ဦးစံနွယ် | ဦးစိန်ဖေ | ၁၀/သထန(နိုင်) ၂၀၇၉၆၆ | ၅၉ | နာယက | - |
| ၅ | ဦးလှပေါ် | ဦးစံရင် | ၁၀/သထန(နိုင်) ၂၀၇၉၅၄ | ၄၈ | ဥက္ကဋ္ဌ | ၀၉-၇၉၇၈၄၀၆၇၈ |
| ၆ | ဦးဝင်းနိုင် | ဦးကြည်လွင် | ၁၀/သထန(နိုင်) ၁၉၀၅၉၂ | ၄၃ | အတွင်းရေးမှူး | ၀၉-၈၉၆၂၂၉၂၇ |
| ၇ | ဦးသန်းဇော်လင်း | ဦးစောတာကလူ | ၁၀/သထန(နိုင်) ၁၆၀၁၂၅ | ၃၈ | ဘဏ္ဍာရေးမှူး | - |
| ၈ | ဒေါ်စန်းစန်းမြင့် | ဦးအောင်ဖေ | ၁၀/သထန(နိုင်) ၁၁၆၆၀၀ | ၄၃ | စာရင်းကိုင် | - |
| ၉ | ဒေါ်မလှပြည့် | ဦးမောင်ချော | ၁၀/သထန(နိုင်) ၁၁၉၈၆၇ | ၄၇ | အဖွဲ့ဝင် | - |
| ၁၀ | ဒေါ်ချိုချိုမြင့် | ဦးစောကဲ | ၁၀/သထန(နိုင်) ၁၉၀၅၀၆ | ၂၇ | အဖွဲ့ဝင် | - |
| ၁၁ | ဦးစောသာဂိ | ဦးဖေညွန့် | ၁၀/သထန(နိုင်) ၁၆၈၉၃၅ | ၄၄ | အဖွဲ့ဝင် | - |
| ၁၂ | | | | | | |
| ၁၃ | | | | | | |
| ၁၄ | | | | | | |
| ၁၅ | | | | | | |

## ကျေးရွာဖွံ့ဖြိုးရေး အထောက်အကူပြု ဇယားများ

### (၁) ကျေးရွာ လူမှုစီးပွားရေး အခြေအနေ

### (က) လူဦးရေနှင့် လူဦးရေဆိုင်ရာ အချက်အလက်များ

ဇယား (၁) လူဦးရေနှင့် လူဦးရေဆိုင်ရာ အချက်အလက်များ

| အသက်အုပ်စု | | ကျား | မ | စုစုပေါင်း |
|---|---|---|---|---|
| ၁ နှစ် အောက် | နို့စို့အရွယ် | ၁၀ | ၇ | ၁၇ |
| ၁ နှစ်မှ ၄ နှစ် အထိ | ၅ နှစ်အောက်ကလေးငယ် | ၃၃ | ၂၂ | ၅၅ |
| ၅ နှစ်မှ ၉ နှစ် အထိ | မူလတန်းကျောင်းသားအရွယ် | ၄၁ | ၄၈ | ၈၉ |
| ၁၀ နှစ်မှ ၁၄ နှစ် အထိ | အလယ်တန်းကျောင်းသားအရွယ် | ၅၉ | ၆၇ | ၁၂၆ |
| ၁၅ နှစ်မှ ၆၄ နှစ် အထိ | အလုပ်လုပ်နိုင်သည့်အရွယ် | ၃၄၆ | ၃၉၃ | ၇၃၉ |
| ၆၅ နှစ် အထက် | သက်ကြီးရွယ်ကြီး | ၁၂ | ၁၄ | ၂၆ |
| **စုစုပေါင်း** | | **၅၀၁** | **၅၅၁** | **၁၀၅၂** |
| **စုစုပေါင်း အိမ်ထောင်စု** | | **၁၆၇** | | |

ရင်းမြစ်...(၁) အိမ်ထောင်စုစာရင်း ကောက်ယူမှု၊ (၂) ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးရုံး၊ (၃) ဆယ်အိမ်စုဆွေးနွေးပွဲ။

**လေ့လာတွေ့ရှိချက်။** ။ ညာထားဝယ်ကျေးရွာတွင် အိမ်ထောင်စု (၁၆၇) စု၊ လူဦးရေ (၁၀၅၂) ဦး ရှိပါသည်။ ကျေးရွာတွင် အလုပ်မလုပ်နိုင်သည့် တစ်နှစ်အောက်နို့စို့အရွယ် (၁.၆၂%)၊ ၅ နှစ်အောက် ကလေးအရွယ် (၅.၂၃%)၊ မူလတန်း ကျောင်းသားအရွယ် (၈.၄၆%)၊ အလယ်တန်းကျောင်းသား အရွယ် (၁၁.၉၈%)၊ သက်ကြီးရွယ်ကြီး အရွယ် (၂.၄၇%) ရှိပါသည်။ ပျမ်းမျှအနေဖြင့် အလုပ်မလုပ် နိုင်သည့်လူဦးရေသည် တစ်ရွာလုံးရှိ လူဦးရေ၏ (၂၉.၇၆%) ရှိပြီး အလုပ်လုပ်နိုင်သည့်အရွယ် ကျား (၃၄၆) ဦး၊ မ (၃၉၃) ဦး၊ စုစုပေါင်း (၇၃၉) ဦးရှိပြီး တစ်ရွာလုံးလူဦးရေ၏ (၇၀.၂၅)% ရှိပါသည်။ ပျမ်းမျှ တစ်အိမ်ထောင်လျှင် (၆.၂၉) ဦးနှုန်း ရှိသောကြောင့် ကျေးလက်အိမ်ထောင်စု၏ အမျိုးသား အဆင့် ပျမ်းမျှတစ်အိမ်ထောင်လျှင် (၅) ဦးနှုန်းထက် ပိုမိုနေပါသည်။ ကျေးရွာအတွင်း အလုပ်လုပ် နိုင်သောလူဦးရေ များပြားမှုကြောင့် ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးအတွက် လူသားအရင်းအမြစ် ကောင်းများအဖြစ် ထောက်ပံ့မှုပေးနိုင် ပါသည်။

### (ခ) အလုပ်လုပ်နိုင်သူ အင်အား

### (ခ-၁) လုပ်သားအင်အားနှင့် ဝင်ငွေရလုပ်ငန်း အမျိုးအစား

ဇယား (၂) လုပ်သားအင်အားနှင့် ဝင်ငွေရလုပ်ငန်း အမျိုးအစား

| စဉ် | လုပ်ငန်းများ | အဓိက အလုပ်အကိုင် | | အဓိက ဝင်ငွေရ လုပ်ငန်းမဟုတ်သော အခြားဝင်ငွေရ လုပ်ငန်း အဖြစ် လုပ်ကိုင်သူ (ဦးရေ) | ရပ်တည်နိုင်မှု (မှတ်ချက်ကို သေချာစွာ ဖတ်ပြီး မှန်ရာ<u>တစ်ခုကိုသာ</u> ရွေးရန်။) |
|---|---|---|---|---|---|
| | | အိမ်ထောင်စု | မိသားစုဝင်လုပ်အား | | |
| **စိုက်ပျိုးစီးပွား လုပ်ငန်းများ** | | | | | |
| ၁ | လယ်ယာစိုက်ပျိုးရေး | | | | |

| စဉ် | လုပ်ငန်းများ | အဓိက အလုပ်အကိုင် | | အဓိက ဝင်ငွေရ လုပ်ငန်းမဟုတ်သော အခြားဝင်ငွေရ လုပ်ငန်း အဖြစ် လုပ်ကိုင်သူ (ဦးရေ) | ရပ်တည်နိုင်မှု (မှတ်ချက်ကို သေချာစွာ ဖတ်ပြီး မှန်ရာတစ်ခုကိုသာ ရွေးရန်။) |
|---|---|---|---|---|---|
| | | အိမ်ထောင်စု | မိသားစုဝင် လုပ်အား | | |
| | ကိုယ်ပိုင် လုပ်ငန်း | ၉၄ | ၁၇၄ | - | မြင့် ☐ လတ်✓ နိမ့် ☐ |
| | အလုပ်သမား / ဝန်ထမ်း | ၂၈ | ၂၉ | - | မြင့် ☐ လတ်✓ နိမ့် ☐ |
| ၂ | **တိရစ္ဆာန် မွေးမြူရေး** | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | - | - | - | မြင့် ☐ လတ်☐ နိမ့် ☐ |
| | အလုပ်သမား / ဝန်ထမ်း | - | - | - | မြင့် ☐ လတ်☐ နိမ့် ☐ |
| ၃ | **ငါးလုပ်ငန်း (ရေချို/ရေငန်ငါး/ပုစွန် စသော ရေသတ္တဝါများ ဖမ်းခြင်း၊ မွေးမြူခြင်း)** | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | - | - | - | မြင့် ☐ လတ်☐ နိမ့် ☐ |
| | အလုပ်သမား / ဝန်ထမ်း | - | - | - | မြင့် ☐ လတ်☐ နိမ့် ☐ |
| ၄ | **သစ်တောလုပ်ငန်း** | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | - | - | - | မြင့် ☐ လတ်☐ နိမ့် ☐ |
| | အလုပ်သမား / ဝန်ထမ်း | - | - | - | မြင့် ☐ လတ်☐ နိမ့် ☐ |
| **စိုက်ပျိုးမွေးမြူရေးမဟုတ်သော အခြားဝင်ငွေရလုပ်ငန်းများ** | | | | | |
| ၅ | **သတ္တုတူးဖော်ရေး၊ ကျောက်ထုတ်လုပ်ရေးနှင့် သဘာဝရင်းမြစ်များ ထုတ်လုပ်ခြင်း** | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | - | - | - | မြင့် ☐ လတ်☐ နိမ့် ☐ |
| | အလုပ်သမား / ဝန်ထမ်း | - | - | - | မြင့် ☐ လတ်☐ နိမ့် ☐ |
| ၆ | **ထုတ်ကုန်လုပ်ငန်း** | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | - | - | - | မြင့် ☐ လတ်☐ နိမ့် ☐ |
| | အလုပ်သမား / ဝန်ထမ်း | - | - | ၁ | မြင့် ☐ လတ်☐ နိမ့် ✓ |
| ၇ | **လျှပ်စစ်၊ ဓာတ်ငွေ့ နှင့် ရေပေးဝေရေး** | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | - | - | - | မြင့် ☐ လတ်☐ နိမ့် ☐ |
| | အလုပ်သမား / ဝန်ထမ်း | - | - | - | မြင့် ☐ လတ်☐ နိမ့် ☐ |
| ၈ | **ဆောက်လုပ်ရေး၊ လက်သမား၊ ပန်းရံ လုပ်ငန်း** | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | - | - | - | မြင့် ☐ လတ်☐ နိမ့် ☐ |
| | အလုပ်သမား / ဝန်ထမ်း | ၃ | ၃ | ၄ | မြင့် ☐ လတ်✓ နိမ့် ☐ |
| ၉ | **ယာဉ်၊ စက်ကိရိယာနှင့် တာရှည်ခံအိမ်သုံးပစ္စည်းများ ပြင်ဆင်ရေး** | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | - | - | - | မြင့် ☐ လတ်☐ နိမ့် ✓ |
| | အလုပ်သမား / ဝန်ထမ်း | - | - | - | မြင့် ☐ လတ်☐ နိမ့် ✓ |
| ၁၀ | **ကျွမ်းကျင်ပညာရှင်များ (ဆံပင်၊ အလှပြင်၊ အပ်ချုပ်၊ အင်ဂျင်နီယာ၊ သင်တန်းပေးသူ စသည်)** | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | ၁ | ၁ | - | မြင့် ☐ လတ်☐ နိမ့် ✓ |
| | အလုပ်သမား / ဝန်ထမ်း | - | - | - | မြင့် ☐ လတ်☐ နိမ့် ☐ |
| ၁၁ | **လက်လီ- လက်ကား ရောင်းဝယ်ရေး** | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | ၅ | ၈ | ၁ | မြင့် ✓ လတ်☐ နိမ့် ☐ |
| | အလုပ်သမား / ဝန်ထမ်း | - | - | - | မြင့် ☐ လတ်✓ နိမ့် ☐ |
| ၁၂ | **ဟိုတယ် နှင့် စားသောက်ဆိုင် လုပ်ငန်း** | | | | |

| စဉ် | လုပ်ငန်းများ | အဓိက အလုပ်အကိုင် | | အဓိက ဝင်ငွေရ လုပ်ငန်းမဟုတ်သော အခြားဝင်ငွေရ လုပ်ငန်း အဖြစ် လုပ်ကိုင်သူ (ဦးရေ) | ရပ်တည်နိုင်မှု (မှတ်ချက်ကို သေချာစွာ ဖတ်ပြီး မှန်ရာတစ်ခုကိုသာ ရွေးရန်။) |
|---|---|---|---|---|---|
| | | အိမ်ထောင်စု | မိသားစု ဝင် လုပ်အား | | |
| | ကိုယ်ပိုင် လုပ်ငန်း | - | - | - | မြင့် ☐ လတ်✓ နိမ့် ☐ |
| | အလုပ်သမား / ဝန်ထမ်း | - | - | ၁ | မြင့် ☐ လတ်✓ နိမ့် ☐ |
| ၁၃ | **ပို့ဆောင်ရေး၊ သိုလှောင်ရေးနှင့် ဆက်သွယ်ရေး** | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | ၂ | ၂ | - | မြင့် ☐ လတ်✓ နိမ့် ☐ |
| | အလုပ်သမား / ဝန်ထမ်း | - | - | ၁ | မြင့် ☐ လတ်✓ နိမ့် ☐ |
| ၁၄ | **ငွေရေး ဝန်ဆောင်မှု လုပ်ငန်း (ဘဏ် နှင့် ငွေချေးခြင်း အပါအဝင် ငွေကြေးဝန်ဆောင်မှု လုပ်ငန်း)** | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | - | - | - | မြင့် ☐ လတ်☐ နိမ့် ☐ |
| | အလုပ်သမား / ဝန်ထမ်း | - | - | - | မြင့် ☐ လတ်☐ နိမ့် ☐ |
| ၁၅ | **အိမ်ခြံမြေ၊ ယာဉ်၊ စက်ကိရိယာ၊ ရောင်းဝယ် ငှားရမ်းခြင်းနှင့် ဆက်စပ်သော လုပ်ငန်းများ** | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | - | - | - | မြင့် ☐ လတ်☐ နိမ့် ☐ |
| | အလုပ်သမား / ဝန်ထမ်း | - | - | - | မြင့် ☐ လတ်☐ နိမ့် ☐ |
| ၁၆ | **ပြည်သူ့ဝန်ဆောင်မှုလုပ်ငန်းများ (အုပ်ချုပ်ရေး၊ ကာကွယ်ရေးနှင့် ဘေးကင်းလုံခြုံရေး)** | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | - | - | - | မြင့် ☐ လတ်☐ နိမ့် ☐ |
| | အလုပ်သမား / ဝန်ထမ်း | - | - | - | မြင့် ☐ လတ်☐ နိမ့် ☐ |
| ၁၇ | **ပညာရေး** | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | - | - | - | မြင့် ☐ လတ်☐ နိမ့် ☐ |
| | အလုပ်သမား / ဝန်ထမ်း | ၄ | ၅ | ၆ | မြင့် ☐ လတ်✓ နိမ့် ☐ |
| ၁၈ | **ကျန်းမာရေး** | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | - | - | - | မြင့် ☐ လတ်☐ နိမ့် ☐ |
| | အလုပ်သမား / ဝန်ထမ်း | - | - | ၁ | မြင့် ☐ လတ်✓ နိမ့် ☐ |
| ၁၉ | **လူမှုရေး လုပ်ငန်းများ** | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | - | - | - | မြင့် ☐ လတ်☐ နိမ့် ☐ |
| | အလုပ်သမား / ဝန်ထမ်း | - | - | - | မြင့် ☐ လတ်☐ နိမ့် ☐ |
| ၂၀ | **အိမ်များတွင် အငှားလိုက်လုပ်သူများနှင့် အမျိုးအမည် မဖော်ပြနိုင်သော လုပ်ငန်းများ** | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | - | - | - | တက္ကသိုလ်နှင့်နီးသောကြောင့် ကိုယ်ပိုင် အဆောင်များဖွင့်ခြင်း |
| | အလုပ်သမား / ကျပန်း / ရာသီအလိုက် အလုပ်သမား | ၃၀ | ၃၄ | ၈၃ | |
| ၂၁ | **ပြင်ပအဖွဲ့အစည်းများနှင့် ကုမ္ပဏီများတွင် လုပ်ကိုင်သူများ** | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | - | - | - | မြင့် ☐ လတ်☐ နိမ့် ☐ |
| | အလုပ်သမား / ဝန်ထမ်း | - | - | - | မြင့် ☐ လတ်☐ နိမ့် ☐ |
| | **စုစုပေါင်း** | ၁၆၇ | ၂၅၆ | ၉၈ | ☒ |

ရင်းမြစ် … (၁) အိမ်ထောင်စုစာရင်း ကောက်ယူမှု၊ (၂) ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးရုံး။

**မှတ်ချက်။** ။ **'အခြားဝင်ငွေရလုပ်ငန်းအဖြစ် လုပ်ကိုင်သူများ'** အရေအတွက်တွင် **'မိသားစုဝင်လုပ်အား'** ထပ်မံ ထည့်သွင်းကောက်ယူခြင်း မပြုရပါ။ **'ရပ်တည်နိုင်မှု (နိမ့်၊ လတ်၊ မြင့်)'** ဆိုသည်မှာ ဖော်ပြပါ

လုပ်ငန်းတစ်ခုတွင် ကိုယ်ပိုင်လုပ်ငန်းလုပ်လိုသူ (သို့မဟုတ်) အလုပ်သမား/ဝန်ထမ်းအဖြစ် လုပ်ကိုင်လိုသူများအတွက် အလုပ်အကိုင်အခွင့်အလမ်းရရှိနိုင်မှု အခြေအနေကို ဆိုလိုပါသည်။ ဥပမာ - **'စိုက်ပျိုးရေး'** ကဏ္ဍ၏ **'ကိုယ်ပိုင်လုပ်ငန်း'**တွင် ရပ်တည်နိုင်မှု **'မြင့်'** ဆိုပါက အဆိုပါလုပ်ငန်းတွင် ကိုယ်ပိုင်လုပ်ငန်း တစ်ခုလုပ်ကိုင်ရန် အခွင့်အလမ်းများနေသည်ဟု ဆိုလိုပါသည်။

**လေ့လာတွေ့ရှိချက်။** ။ ညာထားဝယ်ကျေးရွာတွင် စပါးစိုက်ပျိုးရေးနှင့် ရော်ဘာစိုက်ပျိုးရေး လုပ်ငန်းတို့ကို အဓိက လုပ်ကိုင်ကြပါသည်။ ကား၊ ဆိုင်ကယ်၊ ထော်လာဂျီမောင်း၍ ခရီးသည်များ ပို့ဆောင်ခြင်းဖြင့် အသက်မွေးဝမ်းကျောင်းလုပ်ငန်းများကို လုပ်ကိုင်သူ အနည်းငယ်ရှိပါသည်။ စိုက်ပျိုးရေး လုပ်ငန်းနှင့် တစ်ပိုင်တစ်နိုင်ဈေးဆိုင်များ လုပ်ကိုင်ကြသဖြင့် အခြားအသက်မွေးမှု နည်းပညာများ တတ်မြောက်သည့် အိမ်ထောင်စု နည်းပါးပြီး အလုပ်အကိုင်အခွင့်အလမ်း နည်းပါးသောကြောင့် တခြားပြင်ပနိုင်ငံများတွင် သွားရောက်လုပ်ကိုင်သည့် လူဦးရေများ ရှိပါသည်။ စီးပွားဖြစ် မွေးမြူရေးလုပ်ငန်း လုပ်ကိုင်သည့် အိမ်ထောင်စုများ မရှိသော်လည်း တစ်ပိုင်တစ်နိုင် အိမ်စားရုံမျှသာ မွေးမြူရေးလုပ်ငန်း လုပ်ကိုင်ကြသည်။

## (ခ-၂) လုပ်ငန်းနှင့် ကျား၊ မအလိုက် အနည်းဆုံးနှင့် အများဆုံး လုပ်အားခနှုန်းထား

ဇယား (၃) လုပ်ငန်းနှင့် ကျား၊ မအလိုက် အနည်းဆုံးနှင့် အများဆုံး လုပ်အားခနှုန်းထား

| # | အလုပ်အကိုင် | ရေတွက်ပုံ | အများဆုံး (ကျပ်) | | အနည်းဆုံး (ကျပ်) | |
|---|---|---|---|---|---|---|
| | | | ကျား | မ | ကျား | မ |
| ၁ | လယ်ယာစိုက်ပျိုးရေး | နေ့စား | ၅၀၀၀ | ၄၅၀၀ | ၄၀၀၀ | ၃၀၀၀ |
| ၂ | တိရစ္ဆာန်မွေးမြူရေး | နေ့စား | - | - | - | - |
| ၃ | ငါးလုပ်ငန်း (ရေချို/ရေငန် ငါးဖမ်းခြင်း၊ မွေးမြူခြင်း) | နေ့စား | - | - | - | - |
| ၄ | သတ္တုတူးဖော်ရေး၊ကျောက်ထုတ်လုပ်ရေး နှင့် သဘာဝရင်းမြစ်များ ထုတ်လုပ်ခြင်း | နေ့စား | - | - | - | - |
| ၅ | ထုတ်ကုန်လုပ်ငန်း | နေ့စား | ၅၀၀၀ | ၅၀၀၀ | ၄၀၀၀ | ၄၀၀၀ |
| ၆ | ဆောက်လုပ်ရေး၊ လက်သမား၊ ပန်းရံလုပ်ငန်း | နေ့စား | ၁၅၀၀၀ | - | ၅၀၀၀ | - |
| ၇ | ယာဉ်၊ စက်ကိရိယာ၊ အိမ်သုံးပစ္စည်းများ ပြင်ဆင်ရေး | နေ့စား | - | - | - | - |
| ၈ | လက်လီ-လက်ကား ရောင်းဝယ်ရေး | နေ့စား | - | - | - | - |
| ၉ | ကျွမ်းကျင်ပညာရှင်များ (ဆံပင်၊ အလှပြင်၊ အပ်ချုပ်၊ အင်ဂျင်နီယာ၊ သင်တန်း ပေးသူ စသည်) | နေ့စား | - | - | - | - |
| ၁၀ | ဟိုတယ်နှင့် စားသောက်ဆိုင်လုပ်ငန်း | နေ့စား | - | - | - | - |

ရင်းမြစ် … ဦးတည်အုပ်စု ဆွေးနွေးခြင်း - ရပ်မိရပ်ဖ အုပ်စု၊ အမျိုးသမီး အုပ်စု၊ လယ်သမား အုပ်စု။

**မှတ်ချက်** (၁) လခစား အလုပ်သမားများ၏ တစ်ရက်ဝင်ငွေ = (လစာ ÷ ၂၂.၇၅)

(၂) နာရီတွက်ဖြင့် ရသော အလုပ်သမားများ၏ တစ်ရက်ဝင်ငွေ = (တစ်နာရီဝင်ငွေ × ၈)

**လေ့လာတွေ့ရှိချက်။** ။လုပ်ငန်းများတွင် ဝင်ငွေခြားနားရခြင်းမှာ လုပ်ငန်းကျွမ်းကျင်မှုအပေါ် မူတည်ပြီး ကျား/မ ဝင်ငွေကွာခြားရခြင်းမှာလဲ လုပ်အားစိုက်ထုတ်နိုင်မှုအပေါ်တွင် မူတည်ပါသည်။ ပြင်ပတွင် သွားရောက်လုပ်ကိုင်သူများ၏ လုပ်ငန်းများကို မသိရှိသောကြောင့် လုပ်အားခ ပမာဏကို မသိရှိပါ။

## (ဂ) သဘာဝရင်းမြစ်များ

### (ဂ-၁) စိုက်ပျိုးနိုင်သော မြေဧရိယာ

ဇယား (၄) ကျေးရွာ၏ စိုက်ပျိုးမြေ ပိုင်ဆိုင်မှု

| **မြေအမျိုးအစား** | **ဧရိယာ (ဧက)** | **မြေဆီလွှာ အရည်အသွေး** (မှန်ရာ<u>တစ်ခုကိုသာ</u> ရွေးရန်) |
|---|---|---|
| လယ်မြေ | ၁၆၈ | ကောင်း ✓ သင့် ☐ ညံ့ ☐ |
| ယာမြေ / တောင်ယာမြေ | - | ကောင်း ☐ သင့် ☐ ညံ့ ☐ |
| ဥယျာဉ်ခြံမြေ | ၃၃၀ | ကောင်း ✓ သင့် ☐ ညံ့ ☐ |
| ကိုင်း/ကျွန်းမြေ | - | ကောင်း ☐ သင့် ☐ ညံ့ ☐ |
| ဓနိတောမြေ | - | ကောင်း ☐ သင့် ☐ ညံ့ ☐ |
| စားကျက်မြေ | - | ကောင်း ☐ သင့် ☐ ညံ့ ☐ |
| မြေလွတ် မြေလပ် | - | ကောင်း ☐ သင့် ✓ ညံ့ ☐ |
| **စုစုပေါင်း** | **၄၉၈** | ☒ |

ရင်းမြစ် … (၁) အိမ်ထောင်စုစာရင်း ကောက်ယူမှု၊ (၂) ဦးတည်အုပ်စု ဆွေးနွေးခြင်း - လယ်သမား အုပ်စု၊ (၃) လယ်ယာမြေစီမံခန့်ခွဲရေးနှင့် စာရင်းအင်းဦးစီးဌာန၊ (၄) ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးရုံး။

**မှတ်ချက်။** ။ မြေလွတ်မြေလပ် ဆိုသည်မှာ ယခင်က သီးစားခံယူလုပ်ကိုင်လာခဲ့ပြီး အကြောင်းအမျိုးမျိုးကြောင့် စွန့်လွှတ်ထားသည့် သီးစားခံယူလုပ်ကိုင်သူမရှိသော စိုက်ပျိုးရေး (သို့) မွေးမြူရေးလုပ်ကိုင်နိုင်သည့် မြေနှင့် နိုင်ငံတော်က သီးသန့်လျာထားသတ်မှတ်သည့် မြေများကို ဆိုသည်။

**လေ့လာတွေ့ရှိချက်။** ။ ညာထားဝယ်ကျေးရွာတွင် လယ် (၁၆၈) ဧကနှင့် ဥယျာဉ်ခြံ (၃၃၀) ဧက ရှိပြီး မြေဆီလွှာ အရည်အသွေး ကောင်းမွန်ပါသည်။

### (ဂ-၂) ဓာတ်သတ္တုနှင့် အခြားသဘာဝရင်းမြစ်များ

ဇယား (၅) ဓာတ်သတ္တုနှင့် အခြားသဘာဝရင်းမြစ်များ

| **အမျိုးအစား** | **ကျေးရွာနှင့် အနီးပတ်ဝန်းကျင်တွင် သဘာဝအတိုင်း တွေ့ရှိနိုင်မှု** (မှန်ရာ<u>တစ်ခုကိုသာ</u> ရွေးရန်) | **အသုံးချနိုင်မှု** (မှန်ရာ<u>တစ်ခုကိုသာ</u> ရွေးရန်) |
|---|---|---|
| သတ္တုနှင့် အခြားတွင်းထွက်သယံဇာတများ (ဓာတ်ငွေ့၊ ရေနံ၊ ကျောက်မျက် စသည်။) | များ ☐ သင့် ☐ နည်း ☐ မရှိ ✓ | လွယ် ☐ ခက် ☐ အသုံးမပြုနိုင်ပါ ☐ |
| ကျောက်၊ သဲ၊ ကျောက်စရစ် စသည်များ | များ ☐ သင့် ☐ နည်း ☐ မရှိ ✓ | လွယ် ☐ ခက် ☐ အသုံးမပြုနိုင်ပါ ☐ |
| သဘာဝ အပင်မျိုးစိတ်များ (နွားစာ၊ဆေးဘက်ဝင်အပင်များ) | များ ☐ သင့် ☐ နည်း ✓ မရှိ ☐ | လွယ် ☐ ခက် ✓ အသုံးမပြုနိုင်ပါ ☐ |

| အမျိုးအစား | ကျေးရွာနှင့် အနီးပတ်ဝန်းကျင်တွင် သဘာဝအတိုင်း တွေ့ရှိနိုင်မှု (မှန်ရာတစ်ခုကိုသာ ရွေးရန်) | အသုံးချနိုင်မှု (မှန်ရာတစ်ခုကိုသာ ရွေးရန်) |
|---|---|---|
| သဘာဝ တိရစ္ဆာန်မျိုးစိတ်များ | များ ☐ သင့်☐ နည်း ✓ မရှိ ☐ | ☒ |

ရင်းမြစ် … ဦးတည်အုပ်စု ဆွေးနွေးခြင်း - ရပ်မိရပ်ဖ အုပ်စု၊ သစ်တောဦးစီးဌာန၊ အထွေထွေအုပ်ချုပ်ရေး ဦးစီးဌာန။

**လေ့လာတွေ့ရှိချက်။** ။ ကျောက်၊ သဲနှင့် ကျောက်စရစ်များသည် ကျေးရွာ၏အနီးပတ်ဂန်းကျင်တွင် မရှိသော်လည်း ကရင်ပြည်နယ် ဘားအံမြို့နယ် မြိုင်ကလေးကျေးရွာနှင့် မွန်ပြည်နယ် ပေါင်မြို့နယ် ရင်းငြိမ်ကျေးရွာတို့မှ အလွယ်တကူဂယ်ယူရရှိ အသုံးချနိုင်ပါသည်။ ညာထားဝယ်ကျေးရွာ၏ အရှေ့ဘက်တွင် ကျောက်စရစ်ချောင်းရှိသဖြင့် ငါးမျိုးစိတ်များ အနည်းငယ် ရှိပါသည်။

## (ဃ) ဥစ္စာဓနအဆင့် အခြေအနေ

ဇယား (၆) ဥစ္စာဓနအဆင့် အခြေအနေ

| အကြောင်း အရာ | သတ်မှတ်စံနှုန်း | | | |
|---|---|---|---|---|
| | အဆင်ပြေသော အိမ်ထောင်စု | အလယ်အလတ်ရှိ သောအိမ်ထောင်စု | မပြေလည်သော အိမ်ထောင်စု | အလွန်မပြေလည် သောအိမ်ထောင်စု |
| မြေယာပိုင်ဆိုင်မှု | ၅ ဧကအထက် | ၅ ဧကအောက် | ၅ ဧကအောက် | မရှိ |
| အိမ်အခြေအနေ | တိုက်အိမ် | သွပ်မိုး၊ ပျဉ်ထောင်၊ ပျဉ်ခင်း၊ပျဉ်ကာ | သွပ်မိုး၊ ပျဉ်ထောင်၊ ပျဉ်ခင်း၊ ပျဉ်ကာ၊ ဝါးအိမ် | ဖက်မိုး၊ ဖက်ကာ၊ ဝါးခင်း၊ ဝါးအိမ်တိုင် |
| ကုန်ထုတ်လုပ်မှုနှင့် ဆိုင်သော ပိုင်ဆိုင်မှု | ကား၊ ဆိုင်ကယ်၊ ထော်လာဂျီ၊လက်တွန်းထွန်စက် | ကား၊ ဆိုင်ကယ်၊ ထော်လာဂျီ၊ လက်တွန်းထွန်စက် | လက်တွန်း ထွန်စက်၊ ဆိုင်ကယ် | မရှိ |
| အဓိကစီးပွားရေး လုပ်ငန်း | စပါး၊ ရော်ဘာခြံ၊ဈေးဆိုင် | စပါး၊ရော်ဘာခြံ၊ ဈေးဆိုင် | စပါး၊ ဆိုင်ကယ် ကယ်ရီ၊ဘောတွဲ၊ ကုန်စုံဆိုင် | ကြုံရာကျပန်း |
| **အိမ်ထောင်စု** | ၂၀ | ၃၂ | ၇၄ | ၄၁ |

ရင်းမြစ် … (၁) ကျေးရွာလုံးကျွတ် အစည်းအဝေးပြုလုပ်ခြင်း။

**လေ့လာတွေ့ရှိချက်။** ။ ညာထားဝယ်ကျေးရွာတွင် အဆင်ပြေသောအိမ်ထောင်စု အနည်းငယ်သာ ရှိပြီး ကိုယ်ပိုင်စိုက်ပျိုးရေးနှင့် ရော်ဘာစိုက်ပျိုးရေးလုပ်ငန်းများ လုပ်ကိုင်ကြသည်။ မပြေလည်သော အိမ်ထောင်စုများသည် စိုက်ပျိုးရေး၊ သယ်ယူပို့ဆောင်ရေးလုပ်ငန်းနှင့် တစ်ပိုင်တစ်နိုင် ဈေးဆိုင်များဖြင့် အသက်မွေးဝမ်းကျောင်းပြုကြသည်။ အလွန်မပြေလည်သော အိမ်ထောင်စုများသည် ကောက်စိုက်၊ ပျိုးနုတ်၊ ရော်ဘာခြစ် စသည့် ရာသီလိုက် ကြုံရာကျပန်းလုပ်ငန်းများဖြင့် အသက်မွေးလုပ်ငန်း လုပ်ကိုင်ကြသည်။

## (င) ထိန်းကိုက်လွယ်မှု

### (င-၁) ဝမ်းစာ ဖူလုံမှု

ဇယား (၇) ချေးငှားခြင်းမရှိဘဲ တစ်နေ့လျှင် အနည်းဆုံး နှစ်နပ်စားနိုင်သည့် အိမ်ထောင်စုများ (ဥစ္စာဓနအဆင့် '၃' နှင့် '၄' အိမ်ထောင်စုပေါင်း၏ ၃၀ ရာခိုင်နှုန်းစီ)

| **အချိန်ကာလ** | **အိမ်ထောင်စု အရေအတွက်** | **ဖြေရှင်းသည့် နည်းဗျူဟာ** (ဖြေရှင်းနည်း တစ်ခုစီအလိုက် အိမ်ထောင်စု အရေအတွက်များကို ဖော်ပြရန်) |
|---|---|---|
| ၃ လအောက် ဝမ်းစာဖူလုံမှု | | အခြားအစာပြောင်းလဲစား = ____________<br>အစာလျှော့စား = ____________<br>အထောက်အပံ့ယူ = ____________<br>ချေးယူ = ____________<br>လုပ်အားခကြိုယူ = ____________ |
| ၃ လနှင့် ၆ လကြား ဝမ်းစာဖူလုံမှု | | အခြားအစာပြောင်းလဲစား = ____________<br>အစာလျှော့စား = ____________<br>အထောက်အပံ့ယူ = ____________<br>ချေးယူ = ____________<br>လုပ်အားခကြိုယူ = ____________ |
| ၆ လ မှ ၁၂ လအထိ ဝမ်းစာဖူလုံမှု | | အခြားအစာပြောင်းလဲစား = ____________<br>အစာလျှော့စား = ____________<br>အထောက်အပံ့ယူ = ____________<br>ချေးယူ = ____________<br>လုပ်အားခကြိုယူ = ____________ |

ရင်းမြစ်..ဥစ္စာဓနအဆင့် '၃' နှင့် '၄' အိမ်ထောင်စုပေါင်း၏ ၃၀ ရာခိုင်နှုန်းစီအားစစ်တမ်းကောက်ယူခြင်း။

**လေ့လာတွေ့ရှိချက်။** ။.....................................................................

.............................................................................................

.............................................................................................

.............................................................................................

.............................................................................................

.............................................................................................

.............................................................................................

### (င-၂) ကူညီစောင့်ရှောက်မှု အထူးလိုအပ်သော အုပ်စုများ၏ ထိန်းကိုက်လွယ်မှု အခြေအနေ

ဇယား (၈) ကူညီစောင့်ရှောက်မှု အထူးလိုအပ်သော အုပ်စုများ၏ ထိန်းကိုက်လွယ်မှု အခြေအနေ

| အကြောင်းအရာ | ကျား | မ | ပေါင်း |
|---|---|---|---|
| မိသားစုစောင့်ရှောက်မှုမရှိသော သက်ကြီးရွယ်အို ၆၄ နှစ်နှင့်အထက် | - | - | - |
| မိသားစု/ရပ်ရွာ၏ စောင့်ရှောက်မှုမရှိသော မသန်စွမ်းသည့် ပုဂ္ဂိုလ် | - | - | - |
| | **အိမ်ထောင်စု အရေအတွက်** | | |
| ဆင်းရဲ၍မိသားစုဦးရေများသည့် အမျိုးသမီးဦးဆောင် အိမ်ထောင်စု | ၅ | | |
| ဆင်းရဲ၍မိသားစုဦးရေများသည့် မုဆိုးဖို/ တစ်ခုလပ် အိမ်ထောင်စု | ၄ | | |

| အကြောင်းအရာ | ကျား | မ | ပေါင်း |
|---|---|---|---|
| အခြားဒေသသို့ ကြာမြင့်စွာ သွားရောက် နေထိုင်လုပ်ကိုင်နေသည့် ဆင်းရဲသည့် အိမ်ထောင်စု | | ၇ | |

ရင်းမြစ် … ဦးတည်အုပ်စု ဆွေးနွေးခြင်း - ရပ်မိရပ်ဖ အုပ်စု။

**လေ့လာတွေ့ရှိချက်။** ။ညာထားဝယ်ကျေးရွာတွင် ကူညီစောက်ရှောက်မှု အထူးလိုအပ်သည့် ဆင်းရဲသည့် အိမ်ထောင်စုများ မရှိသော်လည်း အများစုသည် ဆွေမျိုးတော်စပ်ကြသောကြောင့် အရေးပေါ်ကိစ္စရပ်များတွင် တစ်ဦးနှင့်တစ်ဦး ဝိုင်းဝန်းကူညီ ကြပါသည်။

## (င-၃) ကျေးရွာ၏ ထိခိုက်သက်ရောက်လွယ်မှု အခြေအနေ

ဇယား (၉) ကျေးရွာ၏ ထိခိုက်သက်ရောက်လွယ်မှု အခြေအနေ

| စဉ် | ထိခိုက်လွယ်မှု အမျိုးအစား | ထိခိုက်လွယ်မှု (မှန်ရာတစ်ခုကိုသာ ရွေးရန်) |
|---|---|---|
| ၁ | စားနပ်ရိက္ခာ မဖူလုံမှု | မြင့် ☐ လတ် ☐ နိမ့် ✓ မရှိ ☐ |
| ၂ | သဘာဝရင်းမြစ် ရှားပါးမှု (မြေ၊ စိုက်ပျိုးရေ) | မြင့် ☐ လတ် ☐ နိမ့် ✓ မရှိ ☐ |
| ၃ | ရေကြီးခြင်း | မြင့် ☐ လတ် ☐ နိမ့် ☐ မရှိ ✓ |
| ၄ | မိုးခေါင်ခြင်း | မြင့် ☐ လတ် ☐ နိမ့် ☐ မရှိ ✓ |
| ၅ | အအေးလွန်ကဲခြင်း | မြင့် ☐ လတ် ☐ နိမ့် ☐ မရှိ ✓ |
| ၆ | မုန်တိုင်း | မြင့် ☐ လတ် ☐ နိမ့် ☐ မရှိ ✓ |
| ၇ | ငလျင် | မြင့် ☐ လတ် ☐ နိမ့် ☐ မရှိ ✓ |
| ၈ | မီးဘေး | မြင့် ☐ လတ် ☐ နိမ့် ✓ မရှိ ☐ |
| ၉ | ဆားငန်ရေဝင်မြေ | မြင့် ☐ လတ် ☐ နိမ့် ☐ မရှိ ✓ |
| ၁၀ | မြေပြိုခြင်း၊ မြေဆီလွှာ ပျက်ယွင်းမှု | မြင့် ☐ လတ် ☐ နိမ့် ☐ မရှိ ✓ |
| ၁၁ | သစ်တောပြုန်းတီးခြင်း | မြင့် ☐ လတ် ☐ နိမ့် ✓ မရှိ ☐ |
| ၁၂ | ငှက်ဖျားရောဂါ | မြင့် ☐ လတ် ☐ နိမ့် ✓ မရှိ ☐ |
| ၁၃ | တီဘီရောဂါ | မြင့် ☐ လတ် ☐ နိမ့် ✓ မရှိ ☐ |
| ၁၄ | ကိုယ်ခံအားကျဆင်းမှုရောဂါ | မြင့် ☐ လတ် ☐ နိမ့် ☐ မရှိ ✓ |
| ၁၅ | ပြည်တွင်း ပဋိပက္ခ | မြင့် ☐ လတ် ☐ နိမ့် ☐ မရှိ ✓ |
| ၁၆ | တိရစ္ဆာန် ကူးစက်ရောဂါ ကျရောက်မှု | မြင့် ☐ လတ် ☐ နိမ့် ✓ မရှိ ☐ |
| ၁၇ | လူကုန်ကူးခြင်း | မြင့် ☐ လတ် ☐ နိမ့် ☐ မရှိ ✓ |
| ၁၈ | ဝေးလံခေါင်သီ/လမ်းပန်း ဆက်သွယ်ရေး ခက်ခဲ စသည် | မြင့် ☐ လတ် ☐ နိမ့် ☐ မရှိ ✓ |

ရင်းမြစ် … ဦးတည်အုပ်စု ဆွေးနွေးခြင်း - ရပ်မိရပ်ဖ အုပ်စု။

**လေ့လာတွေ့ရှိချက်။** ။ ညာထားဝယ်ကျေးရွာသည် စပါးစိုက်ပျိုးရေးနှင့် ရော်ဘာစိုက်ပျိုးရေးကို အဓိကထား လုပ်ကိုင်ကြပါသည်။ စိုက်ပျိုးခြင်းအတွက် ချောင်းရေဖြင့် စိုက်ပျိုးလုပ်ကိုင်ကြပါသည်။ မိုးရာသီတွင် ငှက်ဖျားရောဂါဖြစ်ပွားမှု အနည်းငယ် ရှိပြီး တီဘီရောဂါလူနာ အနည်းငယ် ရှိပါသည်။ ကျေးရွာသူ၊ ကျေးရွာသားများသည် စည်းစည်းလုံးလုံးနှင့် အတူတကွ နေထိုင်ကြသဖြင့် ပဋိပက္ခများ မရှိပါ။ ရာသီကူးပြောင်းမှုများတွင် ခွာနာ၊ လျှာနာရောဂါ စသည့် တိရိစ္ဆာန်ရောဂါများ ဖြစ်ပွားလေ့ရှိပြီး၊ ကြက်၊ ဂဏ် ရောဂါများ ဖြစ်ပွားမှု အနည်းငယ် တွေ့ရပါသည်။ ကျေးရွာတွင် လူကုန်ကူးမှု

မရှိပါ။

## (င-၄) ထိခိုက်သက်ရောက်မှု ခံရနိုင်သည့်သူများ

ဇယား (၁၀) ထိခိုက်သက်ရောက်မှု ခံရနိုင်သည့်သူများ

| စဉ် | ထိခိုက်သက်ရောက်မှု ခံရနိုင်သည့်သူများ | ထိခိုက်လွယ်မှု (မှန်ရာတစ်ခုကိုသာ ရွေးရန်) |
|---|---|---|
| ၁ | လူငယ် | မြင့် ☐ လတ် ☐ နိမ့်☐ မရှိ ✓ |
| ၂ | အမျိုးသမီး ဦးဆောင်သည့် ဆင်းရဲသည့် အိမ်ထောင်စု | မြင့် ☐ လတ် ☐ နိမ့်✓ မရှိ ☐ |
| ၃ | မြေယာမဲ့၊ ဆင်းရဲသားတောင်သူ | မြင့် ☐ လတ် ✓ နိမ့်☐ မရှိ ☐ |
| ၄ | သဘာဝဘေးဒဏ် ဆိုးရွားစွာ ကျရောက်နိုင်သော အိမ်ထောင်စု/ ကူးစက်ရောဂါ ထူပြောသောဒေသတွင် နေထိုင်သူ | မြင့် ☐ လတ် ☐ နိမ့်☐ မရှိ ✓ |
| ၅ | မြစ်ကမ်းဘေး နေထိုင်သူများ | မြင့် ☐ လတ် ☐ နိမ့်☐ မရှိ ✓ |
| ၆ | မတော်တဆမှုဖြစ်နိုင်ခြေများသော နေရာ (Prone to accident) တွင် နေထိုင်သူများ | မြင့် ☐ လတ် ☐ နိမ့်☐ မရှိ ✓ |
| ၇ | ပြည်တွင်းနေရပ်စွန့်ခွာရွှေ့ပြောင်းခံရသူများ (IDP) | မြင့် ☐ လတ် ☐ နိမ့်☐ မရှိ ✓ |
| ၈ | မြေနိမ့်ပိုင်း နေထိုင်သူများ | မြင့် ☐ လတ် ☐ နိမ့်☐ မရှိ ✓ |
| ၉ | ငါးကန်ပိုင်ရှင်များ | မြင့် ☐ လတ် ☐ နိမ့်☐ မရှိ ✓ |
| ၁၀ | လက်လုပ်လက်စားများ၊ ကျပန်းများ | မြင့် ✓ လတ် ☐ နိမ့်☐ မရှိ ☐ |
| ၁၁ | လူနည်းစုလူမျိုးများ | မြင့် ☐ လတ် ☐ နိမ့်☐ မရှိ ✓ |
| ၁၂ | ဒေသတွင်းပဋိပက္ခ ဧရိယာတွင် နေထိုင်သူများ | မြင့် ☐ လတ် ☐ နိမ့်☐ မရှိ ✓ |
| ၁၃ | နယ်စပ်ဒေသတွင် နေထိုင်သူများ | မြင့် ☐ လတ် ☐ နိမ့်☐ မရှိ ✓ |
| ၁၄ | ရွှေတွင်းလုပ်သားများ | မြင့် ☐ လတ် ☐ နိမ့်☐ မရှိ ✓ |
| ၁၅ | ဆေးစွဲသူများ | မြင့် ☐ လတ် ☐ နိမ့်☐ မရှိ ✓ |
| ၁၆ | ကူးစက်ရောဂါရနိုင်ခြေရှိသောသူများ | မြင့် ☐ လတ် ☐ နိမ့်☐ မရှိ ✓ |
| ၁၇ | လှည့်လည်သွားလာ၍ ဈေးရောင်းသူများ | မြင့် ☐ လတ် ☐ နိမ့်☐ မရှိ ✓ |
| ၁၈ | နေရပ်ပြန် အခြေချသူများ | မြင့် ☐ လတ် ☐ နိမ့်✓ မရှိ ☐ |
| ၁၉ | ရွှေ့ပြောင်းလုပ်သားများ | မြင့် ✓ လတ် ☐ နိမ့်☐ မရှိ ☐ |
| ၂၀ | ကားမောင်းပြီး အသက်မွေးသူများ | မြင့် ☐ လတ် ☐ နိမ့်✓ မရှိ ☐ |

ရင်းမြစ် … ဦးတည်အုပ်စု ဆွေးနွေးခြင်း - ရပ်မိရပ်ဖ အုပ်စု။

**လေ့လာတွေ့ရှိချက်။** ။ညာထားဝယ်ကျေးရွာတွင် အမျိုးသမီးဦးဆောင်သည့် ဆင်းရဲသည့် အိမ်ထောင်စုများနှင့် လက်လုပ်လက်စားကျပန်းများလုပ်ကိုင်သည့် အိမ်ထောင်စုများ အနည်းငယ်ရှိသဖြင့် ၎င်းအိမ်ထောင်စုများသည် သဘာဝဘေးနှင့် စားနပ်ရိက္ခာမဖူလုံသည့် အခြေအနေများ ကြုံတွေ့ပါက အခြားအိမ်ထောင်စုများထက်ပို၍ ထိခိုက်ခံစားလွယ်နိုင် ပါသည်။ မိမိနေရပ်တွင် အသက်မွေးဝမ်းကျောင်း လုပ်ကိုင်ရန်အတွက် အခွင့်အလမ်းနည်းပါးခြင်း၊ အသက်မွေးမှုနည်းပညာ အားနည်းခြင်း တို့ကြောင့် ရွှေ့ပြောင်းသွားလာနေထိုင်သည့် အိမ်ထောင်စုများသည် အခြားဘေးအန္တရာယ်ကြုံတွေ့ပါက ထိခိုက်သက်ရောက်မှု မြင့်မားပါသည်။ ကားမောင်း၍ အသက်မွေးမှုပြုကြသည့် အိမ်ထောင်စုနှင့် နေရပ်ပြန်လည် အခြေချသော အိမ်ထောင်စုများနည်းပါးပြီး ၎င်းတို့သည် ထိခိုက်လွယ်မှု နိမ့်ကြပါသည်။

## (၂) ကျေးရွာ၏ လက်ရှိဖွံ့ဖြိုးရေး အခြေအနေ

## (က) ဖွံ့ဖြိုးရေးအဖွဲ့အစည်းများ အခြေအနေ

### (က-၁) ကျေးရွာတွင်းရှိ လူထုအခြေပြု အဖွဲ့အစည်းများ

ဇယား (၁၁) ကျေးရွာတွင်းရှိ လူထုအခြေပြု အဖွဲ့အစည်းများ

| စဉ် | အဖွဲ့အစည်းအမည် | အမျိုးအစား (မှန်ရာ<u>တစ်ခုကိုသာ</u>ရွေးရန်) | အဖွဲ့ဝင်ဦးရေ | | | လုပ်ငန်းတာဝန် (<u>အနည်းဆုံးတစ်ခုနှင့် အထက်</u>ရွေးနိုင်သည်။) | စွမ်းဆောင်နိုင်မှု (မှန်ရာ<u>တစ်ခု ကိုသာ</u>ရွေးရန်) |
|---|---|---|---|---|---|---|---|
| | | | ကျား | မ | ပေါင်း | | |
| ၁ | အုပ်ချုပ်ရေး | ၁☐ ၂✓ ၃☐ | ၂၀ | – | ၂၀ | ပညာရေး ✓ ငွေကြေး ☐<br>ကျန်းမာရေး ✓ ဘာသာရေး ✓<br>စိုက်ပျိုးမွေးမြူရေး ☐<br>သာရေး/နာရေး၊လူမှုဖွံ့ဖြိုးရေး ✓<br>လုံခြုံရေးနှင့် ကာကွယ်ရေး ✓ | ကောင်း ✓<br>သင့် ☐<br>ညံ့ ☐ |
| ၂ | ရပ်မိရပ်ဖ | ၁☐ ၂✓ ၃☐ | ၈ | – | ၈ | ပညာရေး ✓ ငွေကြေး ☐<br>ကျန်းမာရေး ✓ ဘာသာရေး ✓<br>စိုက်ပျိုးမွေးမြူရေး ☐<br>သာရေး/နာရေး၊လူမှုဖွံ့ဖြိုးရေး ✓<br>လုံခြုံရေးနှင့် ကာကွယ်ရေး ✓ | ကောင်း ☐<br>သင့် ✓<br>ညံ့ ☐ |
| ၃ | လူပျိုခေါင်းအဖွဲ့ | ၁☐ ၂✓ ၃☐ | ၅၀ | – | ၅၀ | ပညာရေး ☐ ငွေကြေး ☐<br>ကျန်းမာရေး ☐ ဘာသာရေး ☐<br>စိုက်ပျိုးမွေးမြူရေး ☐<br>သာရေး/နာရေး၊လူမှုဖွံ့ဖြိုးရေး ✓<br>လုံခြုံရေးနှင့် ကာကွယ်ရေး ☐ | ကောင်း ☐<br>သင့် ✓<br>ညံ့ ☐ |
| ၄ | အပျိုခေါင်းအဖွဲ့ | ၁☐ ၂✓ ၃☐ | - | ၅၀ | ၅၀ | ပညာရေး ☐ ငွေကြေး ☐<br>ကျန်းမာရေး ☐ ဘာသာရေး ☐<br>စိုက်ပျိုးမွေးမြူရေး ☐<br>သာရေး/နာရေး၊လူမှုဖွံ့ဖြိုးရေး ✓<br>လုံခြုံရေးနှင့် ကာကွယ်ရေး ☐ | ကောင်း ☐<br>သင့် ✓<br>ညံ့ ☐ |
| ၅ | အိုးသူကြီးအဖွဲ့ | ၁☐ ၂✓ ၃☐ | - | ၃၅ | ၃၅ | ပညာရေး ☐ ငွေကြေး ☐<br>ကျန်းမာရေး ☐ ဘာသာရေး ☐<br>စိုက်ပျိုးမွေးမြူရေး ☐<br>သာရေး/နာရေး၊လူမှုဖွံ့ဖြိုးရေး ✓<br>လုံခြုံရေးနှင့် ကာကွယ်ရေး ☐ | ကောင်း ☐<br>သင့် ✓<br>ညံ့ ☐ |
